# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 24 July 2023 ၁၁၁၆၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်း မင်္ဂလာအခမ်းအနားနှင့် သဒ္ဒါဓိပတိ ခေါင်းလောင်းတော်ကြီး ဖွင့်လှစ်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူန် ၂၃**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် သဒ္ဒါဓိပတိ ခေါင်းလောင်းတော်ကြီး ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။

**တက်ရောက်ပူဇော်**

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်မြေနေရာအား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။


**ယနေ့ ဖတ်စရာ**

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်း**

**ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း** စာမျက်နှာ » ၁၀

**ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီက မဲအသာစီးဖြင့် အနိုင်ရရန် ဦးဆောင်လျက်ရှိ** စာမျက်နှာ » ၁၃

**တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးရာ တိုင်းရင်းဆေးတက္ကသိုလ်** ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

“စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမဝါယမစနစ်ကို ကျင့်သုံးပြီး အစုအဖွဲ့များဖြင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တောင်သူလယ်သမားများ၏အကျိုးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ထိုအထဲတွင် လယ်ယာကဏ္ဍကြီးသည် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များကိုအခြေခံ၍ MSME လုပ်ငန်းများ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း” နိုင်ငံတော်အကြီးအကဲက ပြောကြားထားသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများစွာရှိသည်။ အကျိုးရှိထိရောက်စွာအသုံးချနိုင်ပါက လူတစ်ဦးချင်း ဝင်ငွေမြင့်မားလာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ဒေသတွင်းနေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်လျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာမည်ဖြစ်သည်။ လောကတွင် လူသာလျှင် အဓိကဖြစ်သည်။ စွမ်းဆောင်နိုင်သောလူသားများဖြင့် လောက၏လိုအပ်ချက်အရာရာကို ဖန်တီးနိုင်သည်။ ထို့ကြောင့်ဒေသတွင်ပိုင်ဆိုင်ထားသော လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချကြရမည်ဖြစ်သည်။

အနာဂတ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားတိုးတက်ရေးအတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ရမည်ဟု နိုင်ငံတော်အကြီးအကဲက မှာကြားထားသည်။ ထို့အပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်များ မဖြစ်မနေလိုအပ်သည်။ လက်ရှိအခြေအနေထက် ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးအတွက် မျိုးဆက်သစ်လူငယ်များကို ကောင်းစွာမြေတောင်မြှောက်ပေးရန်လိုအပ်သည်။ ၎င်းတို့အနာဂတ်ကောင်းမွန်စေရန် ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်သကဲ့သို့ အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်သည်။

အတန်းပညာရှိမှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့်ဒေသနှင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖော်ဆောင်နိုင်မည်ဖြစ်၍ ပညာရေးကို နိုင်ငံတော်က အလေးထားဖော်ဆောင်ပေးနေသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွားအခြေအနေအရ ပညာရေးကဏ္ဍတွင် အတန်းပညာကို ပြီးဆုံးအောင် သင်ယူနိုင်သူနည်းပါးနေသည်ကို တွေ့ရမည်ဖြစ်သည်။ အတန်းပညာမပြီးဆုံးသဖြင့် မြန်မာနိုင်ငံတွင် ပညာတတ်များနည်းပါးနေသေးသည်။ ပညာဖြင့်နိုင်ငံတည်ဆောက်ရမည်ဖြစ်၍ ပညာလိုအပ်ချက်ကြောင့် နိုင်ငံတွင် လိုအပ်ချက်များစွာရှိနေသည်။ အဓိကလိုအပ်ချက်မှာ စီးပွားရေးမပြည့်စုံသဖြင့် ပညာကိုပြီးဆုံးအောင် သင်ယူနိုင်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။

မျိုးဆက်သစ်အများစု အတန်းပညာမပြီးဆုံးမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် KG+9 ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည်။ အခြေခံပညာတွင် မသင်မနေရပညာသင်ကြားရေးနှင့် အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်နေသည်။ မိဘပြည်သူများအနေဖြင့် မိမိတို့သားသမီးများကို အခြေခံပညာအလယ်တန်းအဆင့်အထိ ပြီးဆုံးအောင် မဖြစ်မနေကျောင်းတက်နိုင်စေရေး အားပေးစေလိုသည်။ အခြေခံပညာအလယ်တန်းပြီးဆုံးပါက မိမိတို့နှစ်သက်ရာ ပညာခရီးကို ရွေးချယ်နိုင်သည့် အခွင့်အရေးရှိလာသည်။ ပညာဆက်လက်မသင်ယူလိုပါက အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်သည့်အခွင့်အလမ်းများရှိလာသည်။ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုပညာများသင်ယူနိုင်သည့် အထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးနေသည်။

မိမိနှစ်သက်ရာ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ၊ စက်မှုပညာ အတတ်ပညာများကို သင်ကြားတတ်မြောက်ပြီး မိမိဒေသတွင် လိုအပ်လျက်ရှိသော လုပ်ငန်းနယ်ပယ်များ၌ ဝင်ရောက်လုပ်ကိုင်နိုင်ပြီဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စုပေါင်းဆောင်ရွက်သော သမဝါယမကဲ့သို့ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများကို စဉ်ဆက်မပြတ် စီမံဖော်ဆောင်ထားရမည်ဖြစ်သည်။ သို့မှသာ ဒေသခံမျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးထားသော အသက်မွေးဝမ်းကျောင်းပညာရပ်များကို တတ်မြောက်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများအဆင်ပြေကာ မိမိအကျိုး၊ ဒေသအကျိုးများကို တိုးတက်မြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ပေးလျက်ရှိရာ အသက်မွေးဝမ်းကျောင်းပညာများတတ်မြောက်ကြသည့် ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိမဟာဝိစိတ္တာရုံကျောင်းတိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သုဝဏ္ဏနားဝမ်(ကိုရင်လေး) ကျောင်းတိုက်တို့သို့ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကရင်ပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ သာသနာ့ဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ပရဟိတကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဿျှစ်ကုန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ အောင်ပင်လယ် စာသင်တိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကသာမြို့နယ် စာရေးဆရာများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကသာ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်




၉ နာရီက ကသာမြို့နယ် စာရေးဆရာအသင်းဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အခမ်းအနားတွင် ကသာမြို့နယ် စာရေးဆရာအသင်းနာယက ဦးချစ်မြိုင်(ကသာ-သင်းမွှေး)က အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးဘမောင်(ကိုဘ-ကသာ)က အသင်းဝင်များအား ရန်ပုံငွေတိုးတက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဦးခင်မောင်လေး(မောင်လေး-ကသာ)က အသင်းဝင်များ သာရေး/နာရေးနှင့် ပတ်သက်၍ ထောက်ပံ့ရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဦး(ဦးရဲ-ကသာ)က အသင်း၏ဘဏ္ဍာရေးဆိုင်ရာနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော စာရေးဆရာအသင်းဝင်များက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အေးမြသက်ထား**

## ကလောမြို့နယ် တင်ကြီးကြပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း

ကလော ဇူလိုင် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲရင်းတောင်ကျေးရွာအုပ်စု တင်ကြီးကြပ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော တင်ကြီးကြပ် ကျေးရွာသူကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

တင်ကြီးကြပ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင်လအတွင်း ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

၂၂၂

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | | ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ရွတ်ဆိုပူဇော်

ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှအမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြစဉ်။

☆ ရှေ့ဖုံးမှ

ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြသည်။

### ရွတ်ဆိုပူဇော်

ဦးစွာအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယ ပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်မြေနေရာတွင် ကျောက်မျက်ရတနာများ ခင်းကျင်းကြဲဖြန့်ပူဇော်၍ အခမ်းအနားမှူးက ပထဝီဇယမန္တန်ဂါထာနှင့် မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဇ္ဈိမဒေသ ဗုဒ္ဓဂယာသတ္တဋ္ဌာန ခုနစ်နေရာမှ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ တန်ခိုးကြီးစေတီဘုရားများရှိ အောင်မြေဌာန ၃၅ ဌာနတို့၏ အောင်မြေများကို ဝိဇယဘူမိနိမ္မာန အောင်မြေထည့်သွင်း တည်ထားသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဇ္ဈိမဒေသ ဗုဒ္ဓဂယာ သတ္တဋ္ဌာန ခုနစ်နေရာမှ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ တန်ခိုးကြီးမားစေတီဘုရားများရှိ အောင်မြေဌာန ၃၅ ဌာနတို့၏ အောင်မြေများကို ဝိဇယဘူမိနိမ္မာနအောင်မြေ ထည့်သွင်းတည်ထားစဉ်။

### အောင်မြေနေရာအား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်မြေနေရာအား ပရိတ်နံ့သာရည်များပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ "ဇယန္တော ဗောဓိယာ မူလေ" အစချီ ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက စာမျက်နှာ ၄ သို့ ☆



## သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို ကိုးချက်ထိုး၍ ဖွင့်လှစ်

ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို ကိုးချက်ထိုး၍ ဖွင့်လှစ်စဉ်။

**“မာရဝိဇယ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာ အရပ်တွင် အောင်မြေတည်ထား ခြင်း ဆောင်ရွက်ရာတွင် သတ္တဌာန ၇ နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ဝိဇယဘူမိ နိမ္မာန အောင်မြေတည်ထား ခြင်းဖြစ်”**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသည့် ဧည့်ပရိသတ်များက သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီး ဖွင့်ပွဲအခမ်းအနားတွင် မေတ္တာပြုအမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်းစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော် စီမံ အုပ်ချုပ်ရေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို ထိုးခတ်ပူဇော်စဉ်။

☆ စာမျက်နှာ ၃ မှ

အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြု အမျှပေးဝေကြသည်။

**ကိုးချက်ထိုး၍ ဖွင့်လှစ်**

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ သားသမီး၊ မြေးများ မိသားစုက လှူဒါန်းသည့် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီး ဖွင့်လှစ်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို ကိုးချက်ထိုး၍ ဖွင့်လှစ်ပြီးအမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က ခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်ကြသည်။

**မေတ္တာပြုအမျှပေးဝေ**

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြုအမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာအရပ်တွင် အောင်မြေတည်ထားခြင်း ဆောင်ရွက်ရာတွင် သတ္တဌာန ၇ နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ အောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားခြင်းဖြစ်ကြောင်းနှင့် သဒ္ဒါမိပတိ ခေါင်းလောင်းတော်ကြီးကို တည်ထားရာတွင်လည်း မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်သန်လျက် အမြင့် ၅ ပေ၊ ထိပ်ဝအကျယ် ၄ ပေ ၁ လက်မ၊ အလေးချိန် ၇၃၈ ကြေးပိဿာရှိသော ခေါင်းလောင်းတော်ကြီးကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ သားသမီး၊ မြေးများ မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို အခမ်းအနားတက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။

# ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရေး ရှင်းလင်းပြသ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့် ပတ်သက်၍ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရေး ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်သည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်ပုံစံငယ်ကို အခမ်းအနား တက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။

## တက်ရောက်

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သာသနာနုဂ္ဂဟဘွဲ့ရပုဂ္ဂိုလ် အလှူရှင်များ၊ မိတ်ဖက်ကုမ္ပဏီများမှ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ယခုအခမ်းအနားသို့ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာ ခိုင်မာထွန်းကားရေး၌လည်းကောင်း၊ နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်းကောင်း တိုးတက်မှုရှိစေရေး ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် နေပြည်တော်တွင် မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်နေသည့်အခြေအနေများကို ကြည်ညိုသဒ္ဓါပွားများနိုင်ရေး သိရှိရန်လိုအပ်သည်ဟု ယူဆသဖြင့် ယခုကဲ့သို့ ရှင်းလင်းပြသခြင်းဖြစ်ကြောင်း၊ ဇွန် ၂၉ ရက်တွင်လည်း သာသနာနုဂ္ဂဟဘွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များအား ပထမအကြိမ်အဖြစ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုလ ၈ ရက်တွင်လည်း ယာယီသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများနှင့်ဇနီးများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ပတ်သက်၍ ဒုတိယအကြိမ်အဖြစ် ရှင်းလင်းပြသခဲ့ပါကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်အဖြစ် ကြည်ညိုသဒ္ဓါပွားများနိုင်စေရေး ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှု ဖြစ်စေရန် စသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဝိနည်းတော်များနှင့်အညီ လိုက်နာကျင့်သုံးသည့် ဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ခိုင်မာသော အခြေခံရှိခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မိမိတို့နိုင်ငံတွင် ခိုင်မာမှုရှိခြင်းကို ပြသနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်အဖြစ် ထေရဝါဒဗုဒ္ဓသာသနာတော် ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် သာယာဝပြောမှုရှိမှုဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင်ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသ အောက်တွင် အားလုံး လုံလုံခြုံခြုံ အေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်ဆိုသည်မှာ ဗုဒ္ဓဘာသာ သာသနာတော်သည် ငြိမ်းချမ်းမှု၊ သာယာဝပြောမှု မေတ္တာတရားကို အလေးထားသည့် ဘာသာတရားတစ်ခုဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာတရားကို အခြေခံ၍ ကမ္ဘာကို မေတ္တာတရားများ ပြန့်ပွားလွှမ်းခြုံသွားမည်ဆိုပါက ကမ္ဘာကြီးသည်လည်း ငြိမ်းချမ်းသာယာမှုဖြစ်စေမည်မှာ မလွဲဧကန်ပင် ဖြစ်ကြောင်း။

## အကြမ်းထည်ပုံဖော်နိုင်

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီး တည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှဦးဆောင်၍ ဘုရားတည်ထား

စာမျက်နှာ ၆ သို့ ■



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

■ စာမျက်နှာ ၅ မှ
ရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါ ကျောက်တော်ကြီးကို တူးဖော်ရရှိရေး ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ် စစ်ဆေးဆောင်ရွက်ပြီး တွက်ချက် ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ်မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၅၄ ပေ၊ ဒု ပေ၂၀ ရှိ အရည်အသွေး A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည် ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော် ထုဆစ်ရန်အတွက် တွက်ချက် ဆောင်ရွက်ရာတွင် အချို့ကျောက်သား နေရာများတွင် လိုအပ်ချက်များ ရှိခြင်းကြောင့် ကျောက်သားများ ထပ်မံထည့်သွင်းရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ရာ၌ ခေတ်အလိုက် တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၁၈၈၅ ခုနှစ်တွင် မြန်မာပြည်လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက် နေ့မှစတင်၍ မိမိတို့နိုင်ငံ၏ သမိုင်းမှာ အဆက်ပြတ်သွားခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှသာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ကြောင်း၊ ကိုလိုနီဖြစ်ခဲ့သည့်ကာလအတွင်း မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများ အဆက်ပြတ်သွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ယူရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကြီး ထုဆစ်ပူဇော်ရန် စဉ်းစားရာတွင်ဉာဏ်တော်ကို အဓိကထားပြီး သတ်မှတ်ထားသည့် ထုံးတမ်းအစဉ်အလာများပေါ် မူတည်၍ လိုအပ်သည့် ပလ္လင်တော်နှင့် ဒူးတော်နေရာများအတွက် စကျင်ကျောက်များ ထပ်မံရရှိရေးဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေးစီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှ သယ်ယူရန် အခက်အခဲများ ရှိခြင်းကြောင့် စကျင်တောင်မှ ရောဝတီမြစ်၊ ၎င်းမှဆီမီးခုံဆိပ်ကမ်း၊ ထိုမှ တစ်ဆင့်ကုန်းလမ်းမှနေပြည်တော်သို့ သယ်ဆောင်နိုင်ရေးအတွက် အသေးစိတ် လိုက်လံကြည့်ရှုခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကိုပိုင်းဖြတ် သယ်ယူပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ သယ်ယူချိန်တွင်လည်း ထုထည်ပမာဏ ကြီးမားခြင်းကြောင့် အခက်အခဲများကြားမှ ပင့်ဆောင်ခဲ့ရကြောင်း၊ စကျင်တောင်မှ သယ်ဆောင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နှင့် တပ်မတော် (ရေ)တို့ပူးပေါင်း၍ မြောင်မြစ်သို့တူးမြောင်းဖောက်လုပ်ရာတွင် မြေကျင်း ၉၂၅၀၇ ကျင်း၊ တူးမြောင်း အရှည် ၄၅၈၃ ပေ ဖောက်လုပ် ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ဆီမီးခုံဆိပ်ကမ်းသို့လည်း ရေယာဉ်များ ဆိုက်ကပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

**စနစ်တကျဖြင့်ပင့်ဆောင်ခဲ့**

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ကျောက်တုံးတော်ကြီး များကို စတင်ပင့်ဆောင်ခြင်းအခမ်းအနားကို ဆောင်ရွက်၍ ပင့်ဆောင်ခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ပင့်ဆောင်ခဲ့ရပြီး စုစုပေါင်းအနေဖြင့် ကိုးကြိမ်ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရကြောင်း၊ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူပင့်ဆောင်နိုင်ရေး ၂၂ မိုင် ၅ ဖာလုံအရှည်လမ်းအား အသစ်ဖောက်လုပ် ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ကြောင်း၊ ထိုသို့ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀နှင့် ၂၀၀၀ ကြား သယ်ဆောင်နိုင်သည့် ကားများသွားလာနိုင်ရေး ရှောင်ကွင်းလမ်းများ ဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချိန်အားဖြင့် လေးလကြာမြင့်ခဲ့ကြောင်း၊ ကျောက်တော်ကြီးများ ပင့်ဆောင်သည့် အချိန်သည် ကိုဗစ်ကာလ ဖြစ်ပွားနေချိန်နှင့် နိုင်ငံရေးအရ အကျပ်အတည်းများ ဖြစ်နေသဖြင့် **စာမျက်နှာ ၇ သို့** ■



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

## လှည့်လည် ကြည့်ရှု

ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် အတွင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို အခမ်းအနား တက်ရောက်လာကြသူများနှင့် အတူ လှည့်လည်ကြည့်ရှုစဉ်။



■ စာမျက်နှာ ၆ မှ
အချို့မှာ ကျောက်တော်ကြီးများ ပင့်ဆောင်မှုကို အသေးစိတ်သိရှိမှု နည်းပါးကြကြောင်း။

**စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့**

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း၊ ထိုသို့သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီး သယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။


ဘုရားကြီးတည်ထား ကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ် ရှိစေရေး တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားကြီးတည်ထား ကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချတွက်ချက် ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်း တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ “မာရဝိဇယ” ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း။

ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင်ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကျမ်းစာအုပ်များ ရိုက်နှိပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် စက္ကူများဖြင့် ရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ အလားတူ အဆိုပါ ပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာ ကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း။

**CNC စက်ကြီးများဖြင့်ထုဆစ်**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစီအစဉ်များ အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယဥယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး မန္တလေးနန်းတော်မင်္ဂလာ တံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်း တည်ဆောက်ခဲ့ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံ တည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း။

ရုပ်ပွားတော်မြတ်ကြီး၏မျက်နှာတော်မူရာ တူရူအရပ်တွင် ဝိဇယ ဘူမိနိမ္မာန အောင်မြေတည်ထားခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး သတ္တဋ္ဌာန ခုနစ်နေရာ၏ အောင်မြေများနှင့် နိုင်ငံတော်တစ်ဝန်းလုံးရှိအောင်မြေဌာနပေါင်း ၃၅ ဌာနတို့မှ အောင်မြေများကို ထည့်သွင်းပူဇော်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ရေပန်းရင်ပြင် တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အလားတူ သုခမ္မာဇရပ်များ တည်ဆောက်ရာတွင် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်မည်ဖြစ်ကြောင်း၊ ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းနမူနာဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း။



မာရဝိဇယ ကျောင်းတော်နှင့် မုစလိန္ဒကန် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများရှိရန် လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ကြောင်း၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါအဋ္ဌကထာ၊သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျည်းပင် သုံးပင်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း။

**ကျောက်စာရုံစေတီများ**

ဆင်းတုတော် အပိုင်းများ တွဲဆက်ခြင်းများကို အခက်အခဲများကြားမှ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော် အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင်လည်း အမှားအယွင်းများမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တစ်ချိန်တည်း၌ပင် ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာတည့်တည့်၌ ကျောက်စာရုံ စေတီများ တည်ဆောက်ရေး ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထား ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များကို မန္တလေးမြို့ မဟာကုသိုလ်တော် ဘုရားကျောက်စာရုံများ ပုံစံယူ၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကျောက်စာများ ရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် သီတဂူ သာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများက နေ့စဉ်တည်းဖြတ်၍ စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များ တည်ဆောက်ရာတွင်လည်း မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်စာချပ်များအားလုံး အချိန်မီ ရေးထိုးပြီးစီးနိုင်ရေး CNC စက်များဖြင့် ရေးထိုးဆောင်ရွက်ခဲ့ပြီး အမှားအယွင်းမရှိစေရေး အတွက်လည်း အကြိမ်ကြိမ် တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများကို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး အတွက် ကျောက်စာရုံ စေတီများကို တည်ဆောက်ရာတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာမူရာ ရှေ့တူရူအရပ်တွင် တည်ဆောက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်ကျောက်စာရုံ၌ ပိဋကတ်သုံးပုံ ကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှ ထွက်သည့်အခါ၌ ဘုရားကြီး၏ မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ရေး စနစ်တကျ တွက်ချက်တည်ဆောက်ထားသည်ဖြစ်သကဲ့သို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေမည်ဖြစ်ကြောင်း။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်း လုပ်ငန်းများ စာမျက်နှာ ၉ သို့ ■

# ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ၏ အသက်(၁)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)၏ အသက်(၁)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာအခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” ၏ ကိုယ်ရေးအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” အား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”က ဥပ္ပါတသန္တိစေတီတော်အား ရှိခိုးဦးချပြီး အခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး၏ မွေးနေ့ရတုကို ဖတ်ကြားသည်။

**အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” အား အသက် (၁)နှစ်ပြည့် အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” နှင့် မိခင်ဆင်မကြီးတို့အား အစာအာဟာရများ ကျွေးမွေးသည်။

ယင်းနောက် ရတနာဆင်ဖြူတော်လေး၏ အသက်(၁)နှစ်ပြည့် အထိမ်းအမှတ် မွေးနေ့ဖယောင်းတိုင်ကို မီးမှုတ်ပြီး အခမ်းအနားမှူးက ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”၏ မွေးနေ့မင်္ဂလာအတွက် ဆုတောင်းစကားမြွက်ကြား၍ မေတ္တာပို့သည်။ ဆက်လက်ပြီး နိုင်ငံတော်တွင် ဒသမအကြိမ်မြောက် ပေါ်ထွန်းခဲ့သော ရတနာဆင်ဖြူတော်လေး၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” က ချိုးဖြူငှက် ၁၀ ကောင်အား ဘေးမဲ့လွှတ်ပေးသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က

စာမျက်နှာ ၉ သို့ ★



**အစာအာဟာရများ ကျွေးမွေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” နှင့် မိခင်ဆင်မကြီး ဇာနန်းလှတို့အား အစာအာဟာရများ ကျွေးမွေးစဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ရတနာဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက” အား အစာအာဟာရများ ကျွေးမွေးစဉ်။

★ စာမျက်နှာ ၈ မှ

အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာ ဆင်ဖြူတော်များနှင့် ရတနာ ဆင်ဖြူတော် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များကို အစာအာဟာရများ ကျွေးမွေးစဉ်။

အဆိုပါ ရတနာဆင်ဖြူတော်လေး **“ရဋ္ဌနန္ဒက”(တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)**မှာ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှက ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိပြီး ရတနာဆင်ဖြူတော်ကလေးသည် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာ ဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်နှင့် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။ မိခင်ဆင်မကြီးနှင့်အတူ နေပြည်တော်သို့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ရောက်ရှိခဲ့ကာ ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၁ နှစ်သားတွင် အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၆၇၀ ရှိလာပြီး နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ရတနာ ဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိကြောင်းနှင့် ယခု ရတနာ ဆင်ဖြူတော် **“ရဋ္ဌနန္ဒက” (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)**သည် ဒသမမြောက် ဆင်ဖြူတော်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

■ စာမျက်နှာ ၇ မှ

ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိကြောင်း၊ တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း(၁၂၃) တို့ တွဲဆက်ထားသည့်အပိုင်းအား ပင့်ထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် သံမဏိပန်းတောင်းကို အသုံးပြုခဲ့ရကြောင်း၊ ဆင်းတုတော်အပိုင်းများ ထည့်သွင်းထားသည့် သံမဏိပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင်ကြီးနှင့် တန်ချိန် ၂၅၀ ရှိအထောက်အကူပြုသံမဏိစင်ကို အသုံးပြု၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ပင့်ထောင်ခြင်း လုပ်ငန်းများနှင့် ပင့်ဆောင်ခြင်း လုပ်ငန်းများကို အမှားအယွင်းများ မရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ဌာပနာသွင်းလှူပူဇော်နိုင်**

ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော်အပိုင်း (၁၊၂၊၃) တို့အား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၂၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ကြောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ရတနာပလ္လင်တော် ထက်တွင် ဌာပနာ ထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်၌ ရတနာပလ္လင်တော်ထက်တွင် ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ကြောင်း။

သာသနာ့ဗိမာန်နှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမ သိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် သိမ်တော်ကြီးတစ်ခု ဖြစ်ကြောင်း။

**ဩဝါဒခံယူဆောင်ရွက်**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လက်မှုအချောသပ် လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်း လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆရာတော်ကြီးများ ထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကိုလည်း တပ်ဆင်ပူဇော်ခဲ့ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ အထိ ခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံး လှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများ ဆောင်ရွက်ရာတွင်လည်း သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ထားခြင်း ဖြစ်ကြောင်း။

ရင်ပြင်တော်ကြီး တည်ဆောက်ရေးနှင့်ပတ်သက်၍ မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့ အတုမရှိကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့် အချိန်များတွင် ဂန္ဓကုဋိတိုက်တော်များ အတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ တံခွန်တိုင်နှင့် သဒ္ဓါမိပတိ ခေါင်းလောင်းတော်တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပါကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ ရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ ဘုရားကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လုမ္ဗိနီအင်ကြင်းတောနှင့် ဘုရားကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှုအား Drone ဖြင့် ရိုက်ကူးထားရှိမှုမှတ်တမ်း Video Clip နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ကြီး တည်ဆောက်ပြီးစီးပါက ဖူးမြော်မြင်တွေ့ရမည့် အခြေအနေများကို အထူးပြုလုပ်ချက် Video Clip ဖြင့် ရှင်းလင်းပြသပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကို တည်ဆောက်ခဲ့ရာတွင် အခက်အခဲများစွာကြားမှ နေ့ညမအား ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ပါဝင်ခဲ့ကြသည့် ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ တပ်မတော်အင်ဂျင်နီယာ ပညာရှင်များနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပါဝင်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များကိုလည်း ယနေ့ နံနက်ပိုင်း၌ ထိုက်တန်သည့် ဘွဲ့တံဆိပ်၊ ဆုတံဆိပ်များအား ဂုဏ်ပြုချီးမြှင့်သည့် အမိန့်စာကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ယခု တက်ရောက်လာကြသူများ အနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာ အတွက်သော် လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် သော်လည်း ကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင် ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကိုဆောင်နေကြသူများ ဖြစ်သဖြင့် အသိပေးသင့်သည်ဟု ယူဆ၍ ယခုကဲ့သို့ အသေးစိတ် ရှင်းလင်းပြသပေးခြင်းပင် ဖြစ်ကြောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများ ပွားနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

**အလှူငွေများပေးအပ်လှူဒါန်း**

ထို့နောက် အခမ်းအနား တက်ရောက် လာကြသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်း အတွက် ကြည်ညိုသဒ္ဓါ ပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်း အတွက် ယနေ့ တက်ရောက် လာကြသူများ၏ လှူဒါန်းမှုအနေဖြင့် စေတနာရှင် အလှူရှင် ၃၇၇ ဦးမှ လှူဒါန်းငွေမှာ ၁၇ ဒသမ ၄၁၅ ဘီလီယံ (ငွေကျပ် ၁၇၄၁၅ သန်း) ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူဒါန်းကြခြင်း အပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားသည် အမျိုး၊ ဘာသာ၊ သာသနာ အတွက် သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် သော်လည်း ကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကို ဆောင်နေကြသူများ ဖြစ်သဖြင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် တည်ဆောက်နေမှုများကိုရှင်းလင်းပြသခဲ့ခြင်းဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများ၏ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ ထည့်ဝင် လှူဒါန်းမှုများကိုလည်း စနစ်တကျ မှတ်တမ်းတင်ထားရှိပါကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူခြင်း၊ ကျောက်စာရုံ စေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းသည်မှ အနေကဇာတင်လှူခြင်း မပြုမီအထိ လှူဒါန်းကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြုထူထောင်ကြသူ (Founder) များပင် ဖြစ်ပါကြောင်း၊ မကြာမီကျင်းပသွားမည့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနား ဆောင်ရွက်ပြီးနောက်မှ ကြည်ညိုသဒ္ဓါပွားများစိတ်ဖြင့် လှူဒါန်းမှုကုသိုလ်များမှာ ကုသိုလ်ဆက် အလှူပင်ဖြစ်ပါကြောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း မဟာမင်္ဂလာ အခမ်းအနားသို့ စေတနာရှင်အလှူရှင်များ တက်ရောက်နိုင်ရေး အတွက်လည်း ဖိတ်ကြားအပ်ပါကြောင်း၊ ယနေ့ ရှင်းလင်းပွဲသို့ အချိန်ပေး၍ တက်ရောက်ခဲ့ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအပေါ် ကြည်ညိုသဒ္ဓါစိတ်များ ဖြစ်ပေါ်၍ လှူဒါန်း ကုသိုလ်ယူမှုများအတွက်လည်း ဝမ်းမြောက်နုမော် သာဓု ခေါ်ဆိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များ၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုများကို ကြည့်ရှုကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ထားကိုးကွယ်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အခမ်းအနား တက်ရောက် လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၂၄ /၂၀၂၃

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်

( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများ၌ ထူးခြားစွာထောက်ပံ့လှူဒါန်းခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းလိုက်ပါသည်-

**သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်ခိုင်သန်း | မန်နေဂျင်းဒါရိုက်တာ | Anglo Mining Co.,Ltd |

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၂၅ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်

( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများနှင့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါ ဆရာတော်ကြီးများ/ လူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် –

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ | နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ | သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်(စစ်ကိုင်း) |
| ၂။ | ဘဒ္ဒန္တသဒ္ဓိယ | ရွှေသုဝဏ် ဆရာတော်ကြီး | ပုညနိမ္မိတာရာမရွှေသုဝဏ် ကျောင်းတိုက်၊ သဃ်ၤန်းကျွန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ | ပါမောက္ခချုပ်ဆရာတော်(ငြိမ်း) | အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဘဒ္ဒန္တဝိမလဗုဒ္ဓိ | ပါဠိဆရာတော် | ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုပရိယတ္တိ စာသင်တိုက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၅။ | ဒုတိယဗိုလ်ချုပ်ကြီး ညိုစော | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် |
| ၆။ | ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်ချုပ်ကိုကိုလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါက်တာညီလှယ် | နာယက | အင်ဂျင်နီယာကောင်စီ |

**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ | ပါမောက္ခချုပ် ဆရာတော် | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဘဒ္ဒန္တခေမာနန္ဒ (ရန်ကင်းဆရာတော်) | ပဓာနနာယက | အဘိဝိနယာစရိယစာသင်တိုက်၊ ရန်အောင်မြင်တောရကျောင်း(မြို့တော်ဝန်ကျောင်း)၊ဒက္ခိဏသီရိမြို့နယ်၊နေပြည်တော် |
| ၃။ | ဦးမျိုးသန့် | ပြည်ထောင်စုဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါက်တာတိုးတိုးဝင်း | Structure ပညာရှင် | အင်ဂျင်နီယာကောင်စီ |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**

**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးသော်ဇင်(လေ) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၂၅၃၇၄၇ တပ်ကြပ်ကြီး ဝင်းမြင့်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) | စိစစ်တည်းဖြတ်ရေး နာယကဆရာတော် | မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဘဒ္ဒန္တဉာဏသာမိ | ပဓာနနာယက | ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး |
| ၃။ | ဒေါက်တာ ဘဒ္ဒန္တကုမာရ | ပါမောက္ခချုပ် ဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) |
| ၄။ | ဒေါက်တာ ဘဒ္ဒန္တကေသရ | ပါမောက္ခချုပ် ဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၅။ | ဘဒ္ဒန္တဇောတိက | ဒုတိယပါမောက္ခချုပ် (သင်ကြား) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) |
| ၆။ | ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ | ဒုတိယပါမောက္ခချုပ် (သင်ကြား) | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၇။ | ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်) | စိစစ်တည်းဖြတ်ရေး နာယကဆရာတော် | တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈။ | ဘဒ္ဒန္တသုန္ဒရ (စွန်းလွန်းဆရာတော်) | စိစစ်တည်းဖြတ်ရေး နာယကဆရာတော် | စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး |
| ၉။ | ဒေါက်တာ ဘဒ္ဒန္တသုမန | ပါမောက္ခ/ ဌာနမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) |
| ၁၀။ | ဒေါက်တာ ဘဒ္ဒန္တကေသရ | ဌာနကြီးမှူး | အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁။ | ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်) | စိစစ်တည်းဖြတ်ရေး နာယကဆရာတော် | ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး |
| ၁၂။ | ဒေါက်တာ ဘဒ္ဒန္တအာစိဏ္ဏ | ဌာနကြီးမှူး | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဒေါက်တာဘဒ္ဒန္တကုသလ | ပါမောက္ခ | သီတဂူဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း) |
| ၁၄။ | ဒေါက်တာ ဘဒ္ဒန္တကုမုဒ | မော်ကွန်းထိန်းဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၁၅။ | ဘဒ္ဒန္တအဂ္ဂသာမိ (American) | ပဓာနနာယက | အနန္တသိန်းဗီကျောင်းတိုက်၊ CERRITOS AVE.(ANANDA THEIN VIEN) 1661 W, CA92802,ANAHEIM,လော့အိန်ဂျယ်လိစ် မြို့၊ အမေရိကန်နိုင်ငံ |
| ၁၆။ | ဒေါက်တာ ဘဒ္ဒန္တဇနက | ဌာနကြီးမှူး | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၇။ | ဒေါက်တာ ဘဒ္ဒန္တနောဓိဉာဏ | ဒုတိယပါမောက္ခချုပ် ဆရာတော် | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈။ | ဘဒ္ဒန္တပဏ္ဍိတ | ကထိကဆရာတော် | နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) |
| ၁၉။ | ဘဒ္ဒန္တမာဃိန္ဒ | လက်ထောက် ကထိကဆရာတော် | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၀။ | ဘဒ္ဒန္တကုသလဂုဏ (Vietnam) | ပဓာနနာယက | ဘူလောင်စာသင်တိုက်၊ လောင်ဘင့် ရပ်ကွက်၊ ဟိုချီမင်းမြို့၊ ဗီယက်နမ်နိုင်ငံ |
| ၂၁။ | ဗိုလ်ချုပ်ကိုကိုဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်မှူးချုပ် ဇော်နိုင်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဦးအောင်မြင့် | အင်ဂျင်နီယာပညာရှင် | အင်ဂျင်နီယာကောင်စီ |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီးတင့်လွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဦးဟန်စိုးကျော် | မန်နေဂျင်းဒါရိုက်တာ | Two Elephant Tranding Co.,Ltd |

စာမျက်နှာ ၁၁ သို့ »»

»»» စာမျက်နှာ ၁၀ မှ

**သိပ္ပကျော်စွာဘွဲ့**

၁။ ဦးအောင်မြိုင် ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
၂။ ဗိုလ်မှူး ပြည့်ဖြိုးမောင် ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဦးချမ်းအေး Structure ပညာရှင် အင်ဂျင်နီယာကောင်စီ
၄။ ဦးဇာလီချမ်း Structure ပညာရှင် အင်ဂျင်နီယာကောင်စီ

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

၁။ ဗိုလ်ကြီး အောင်ဖြိုးကျော်(လေ) ကာကွယ်ရေးဝန်ကြီးဌာန
၂။ တတ-၁၂၄၇၂၈ ဒုတိယတပ်ကြပ် တင်လင်းအောင် ကာကွယ်ရေးဝန်ကြီးဌာန

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ**

**ရဲသူရတံဆိပ်**

၁။ ဦးဝင်းဇော် စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဦးဝေကျော်နိုင် စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဦးတင်ဇော်ဦး စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဦးသိန်းဇော်ဦး စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဦးအောင်စိုးမင်း စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဦးဘိုခွေး စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဦးသဲမောင်မောင် စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဦးဖိုးမင်း စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဦးအောင်မြင့်ထိုက် စစ်ကိုင်းတိုင်းဒေသကြီး

**ရဲဗလတံဆိပ်**

၁။ လ ၂၈၅၁၆၂ ရဲတပ်သား ရှိုင်းထက်အောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂။ ဦးသိန်းဇော် စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဦးအောင်ဆန်းဝင်း စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဦးချောဝင်း စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဦးမောင်မိုး စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဦးခိုင်မင်း စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဦးမင်းမောင် စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဦးဝင်းတင့် စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဦးမျိုးတင့် စစ်ကိုင်းတိုင်းဒေသကြီး
၁၀။ ဦးအောင်ထွန်း စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ဦးအောင်သူ စစ်ကိုင်းတိုင်းဒေသကြီး
၁၂။ ဦးချစ်ဝင်း စစ်ကိုင်းတိုင်းဒေသကြီး
၁၃။ ဦးဟန်မောင် စစ်ကိုင်းတိုင်းဒေသကြီး
၁၄။ ဦးကျော်မိုး စစ်ကိုင်းတိုင်းဒေသကြီး
၁၅။ ဦးကျော်မြင့် စစ်ကိုင်းတိုင်းဒေသကြီး
၁၆။ ဦးနိုင်လင်း စစ်ကိုင်းတိုင်းဒေသကြီး
၁၇။ ဦးသက်နိုင်စိုး စစ်ကိုင်းတိုင်းဒေသကြီး
၁၈။ ဦးဖြိုးဖြိုး စစ်ကိုင်းတိုင်းဒေသကြီး
၁၉။ ဦးခန့်ထွဋ်ဝင်း စစ်ကိုင်းတိုင်းဒေသကြီး
၂၀။ ဦးထွန်းနိုင် စစ်ကိုင်းတိုင်းဒေသကြီး
၂၁။ ဦးကျော်နိုင်ဝင်း စစ်ကိုင်းတိုင်းဒေသကြီး
၂၂။ ဦးစိုးသန်း စစ်ကိုင်းတိုင်းဒေသကြီး
၂၃။ ဦးကျော်ကျော်လွင် စစ်ကိုင်းတိုင်းဒေသကြီး
၂၄။ ဦးစိုးတင့် စစ်ကိုင်းတိုင်းဒေသကြီး
၂၅။ ဦးဝေဖြိုးအောင် စစ်ကိုင်းတိုင်းဒေသကြီး
၂၆။ ဦးအောင်အောင် စစ်ကိုင်းတိုင်းဒေသကြီး
၂၇။ ဦးဇော်လင်းအောင် စစ်ကိုင်းတိုင်းဒေသကြီး
၂၈။ ဦးစိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီး
၂၉။ ဦးကျော်လင်း စစ်ကိုင်းတိုင်းဒေသကြီး
၃၀။ ဦးမြင့်ဝေ မကွေးတိုင်းဒေသကြီး
၃၁။ ဦးအောင်မိုးဝင်း မကွေးတိုင်းဒေသကြီး
၃၂။ ဦးဝင်းချိန် မကွေးတိုင်းဒေသကြီး
၃၃။ ဦးမြင့်ထွန်းနိုင် မကွေးတိုင်းဒေသကြီး
၃၄။ ဦးတင်လင်းစိုး မကွေးတိုင်းဒေသကြီး
၃၅။ ဦးရှိန်းမင်းထွန်း မကွေးတိုင်းဒေသကြီး
၃၆။ ဦးပြည့်ဖြိုးအောင် မကွေးတိုင်းဒေသကြီး

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ် (ပထမဆင့်)**

၁။ ဗိုလ်ချုပ် ထိန်ဝင်း (ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဗိုလ်မှူးကြီး ဝင်းမိုးခိုင် ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဗိုလ်မှူးကြီး နေအောင်ကျော်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၄။ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းအောင် ကာကွယ်ရေးဝန်ကြီးဌာန
၅။ ဒုတိယဗိုလ်မှူးကြီး အောင်ကို ကာကွယ်ရေးဝန်ကြီးဌာန
၆။ ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း ကာကွယ်ရေးဝန်ကြီးဌာန
၇။ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ခိုင် ကာကွယ်ရေးဝန်ကြီးဌာန
၈။ ဒုတိယဗိုလ်မှူးကြီး ဖုန်းအောင်လင်း ကာကွယ်ရေးဝန်ကြီးဌာန
၉။ ဒုတိယဗိုလ်မှူးကြီး ကျော်သူရ ကာကွယ်ရေးဝန်ကြီးဌာန
၁၀။ ဒုတိယဗိုလ်မှူးကြီး ဟန်ဝင်းလှိုင် ကာကွယ်ရေးဝန်ကြီးဌာန
၁၁။ ဒုတိယဗိုလ်မှူးကြီး မင်းသူရ(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၁၂။ ဒုတိယဗိုလ်မှူးကြီး နိုင်ဦး(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၁၃။ ဦးမျိုးဇော်သန့် ဒါရိုက်တာ Two Elephant Trading Co.,Ltd.
၁၄။ ဦးဉာဏ်ဝင်း မန်နေဂျင်းဒါရိုက်တာ သုရိယစန္ဒာကုမ္ပဏီ

**စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)**

၁။ ဦးကျော်လင်း ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၂။ ဗိုလ်မှူးကြီး ဝင်းမင်း ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဒုတိယဗိုလ်မှူးကြီး မင်းရဲထွေး ကာကွယ်ရေးဝန်ကြီးဌာန
၄။ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်အောင် ကာကွယ်ရေးဝန်ကြီးဌာန
၅။ ဒုတိယဗိုလ်မှူးကြီး စောရန်အောင် ကာကွယ်ရေးဝန်ကြီးဌာန
၆။ ဗိုလ်မှူး မျိုးမင်းလတ် ကာကွယ်ရေးဝန်ကြီးဌာန
၇။ ဗိုလ်မှူး ဘုန်းဝေ ကာကွယ်ရေးဝန်ကြီးဌာန
၈။ ဗိုလ်မှူး မင်းသူအောင် ကာကွယ်ရေးဝန်ကြီးဌာန
၉။ ဗိုလ်မှူး ထွန်းအောင် ကာကွယ်ရေးဝန်ကြီးဌာန
၁၀။ ဗိုလ်မှူး သီဟသိန်းဝင်း ကာကွယ်ရေးဝန်ကြီးဌာန
၁၁။ ဗိုလ်မှူး ဖြိုးဝေသက် ကာကွယ်ရေးဝန်ကြီးဌာန
၁၂။ ဗိုလ်မှူး အောင်သူရဝင်း ကာကွယ်ရေးဝန်ကြီးဌာန
၁၃။ ဗိုလ်မှူး မင်းသက်တင် ကာကွယ်ရေးဝန်ကြီးဌာန
၁၄။ ဗိုလ်မှူး သန့်ဇော်အောင် ကာကွယ်ရေးဝန်ကြီးဌာန
၁၅။ ဗိုလ်မှူး အောင်သူ ကာကွယ်ရေးဝန်ကြီးဌာန
၁၆။ ဗိုလ်မှူး စိုးမင်းထွန်း ကာကွယ်ရေးဝန်ကြီးဌာန
၁၇။ ဗိုလ်မှူး နေလင်းထွန်း ကာကွယ်ရေးဝန်ကြီးဌာန
၁၈။ ဗိုလ်မှူး ကောင်းလှဖြူ ကာကွယ်ရေးဝန်ကြီးဌာန
၁၉။ ဗိုလ်မှူး တင်နေဇာလွင် ကာကွယ်ရေးဝန်ကြီးဌာန
၂၀။ ဗိုလ်မှူး စန်းယုလွင် ကာကွယ်ရေးဝန်ကြီးဌာန
၂၁။ ဗိုလ်မှူး သာဖြိုးအောင် ကာကွယ်ရေးဝန်ကြီးဌာန
၂၂။ ဗိုလ်မှူး ဖြိုးမောင်မောင်ဝင်း (ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၂၃။ ဗိုလ်မှူး ဝေယံတင်ဦး(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၂၄။ ဗိုလ်မှူး အောင်အောင်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၂၅။ ဦးရဲသွေးအောင် ဒုတိယအထွေထွေမန်နေဂျာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၂၆။ ဦးစိုးလွင်ကျော် အထွေထွေမန်နေဂျာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၂၇။ ဦးသန်းကျော် ဦးစီးအရာရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
၂၈။ ဦးဖြိုးအောင်ကျော် မန်နေဂျင်းဒါရိုက်တာ United Elephants Steel Solutions Co.,Ltd.

**စီမံထူးချွန်တံဆိပ် (တတိယဆင့်)**

၁။ ဗိုလ်မှူးချုပ်(ငြိမ်း) သိုက်ဝင်းထွန်း ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဗိုလ်မှူးချုပ် တင်မောင်သန်း(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဗိုလ်မှူးကြီး ထွန်းထွန်းစိုး ကာကွယ်ရေးဝန်ကြီးဌာန
၄။ ဗိုလ်မှူးကြီး မြဦး ကာကွယ်ရေးဝန်ကြီးဌာန
၅။ ဒုတိယဗိုလ်မှူးကြီး ဉာဏ်လင်းထက် ကာကွယ်ရေးဝန်ကြီးဌာန
၆။ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ထွန်းအောင်ကျော်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၇။ ဒုတိယဗိုလ်မှူးကြီး သင်းမောင်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၈။ ဦးအန့်ဇော် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၉။ ဦးအေးလွင် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၁၀။ ဦးအောင်အောင် ဒုတိယအထွေထွေမန်နေဂျာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၁၁။ ဦးမင်းဇင် လက်ထောက်အထွေထွေမန်နေဂျာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၁၂။ ဒေါ်ဖြိုးဖြိုးကျော် မန်နေဂျာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၁၃။ ဒေါ်အေးအေးကြည် အထွေထွေမန်နေဂျာ အင်းဝဘဏ်လီမိတက်
၁၄။ ဗိုလ်မှူး ဇော်ဇော်လင်း ကာကွယ်ရေးဝန်ကြီးဌာန
၁၅။ ဗိုလ်ကြီး မျိုးလင်းအောင် ကာကွယ်ရေးဝန်ကြီးဌာန
၁၆။ ဗိုလ်ကြီး ဇော်လွင်အောင် ကာကွယ်ရေးဝန်ကြီးဌာန
၁၇။ ဗိုလ်ကြီး တင့်ဝေ ကာကွယ်ရေးဝန်ကြီးဌာန
၁၈။ ဗိုလ်ကြီး ဖြိုးဝေနိုင် ကာကွယ်ရေးဝန်ကြီးဌာန
၁၉။ ဗိုလ်ကြီး ကံချွန် ကာကွယ်ရေးဝန်ကြီးဌာန
၂၀။ ဗိုလ်ကြီး စိုးဆန်းသူ ကာကွယ်ရေးဝန်ကြီးဌာန
၂၁။ ဗိုလ်ကြီး ကျော်သူအောင်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၂၂။ ဗိုလ်ကြီး နေလင်းဦး(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၂၃။ ဗိုလ်ကြီး ကျော်ကိုကို(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၂၄။ ၆၂၀၅၃၃ အရာခံဗိုလ် သန်းလှိုင် ကာကွယ်ရေးဝန်ကြီးဌာန
၂၅။ ၆၃၆၈၂ အရာခံဗိုလ် သောင်းညွှန့် ကာကွယ်ရေးဝန်ကြီးဌာန
၂၆။ ၇၈၆၈၆၃ အရာခံဗိုလ် အောင်ဆန်းမြင့် ကာကွယ်ရေးဝန်ကြီးဌာန
၂၇။ ၂၂၉၉၃ အရာခံဗိုလ်/၂၁ ဌေးအောင် ကာကွယ်ရေးဝန်ကြီးဌာန
၂၈။ ၆၇၇၇၈၀ ဒုတိယအရာခံဗိုလ် ကျော်စိုးမိုး ကာကွယ်ရေးဝန်ကြီးဌာန
၂၉။ တ-၂၈၃၅၀၁ ဒုတိယအရာခံဗိုလ် ဖြိုးမောက်ဝေဖြာကို ကာကွယ်ရေးဝန်ကြီးဌာန
၃၀။ တ-၄၇၇၇၀၀ ဒုတိယအရာခံဗိုလ် နန်းဝင်းအောင် ကာကွယ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၁၂ သို့ »»»

»»» စာမျက်နှာ ၁၁ မှ

**စီမံထူးချွန်တံဆိပ် (တတိယဆင့်)**

၃၁။ ၃၅၁၃၄ တပ်ကြပ်ကြီး/၂၆ ယဉ်ထွေး ကာကွယ်ရေးဝန်ကြီးဌာန
၃၂။ ဒေါက်တာလှမြင့် အချိန်ပိုင်းပါမောက္ခ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
၃၃။ ဦးမျိုးအောင်ကျော် ဒါရိုက်တာ United Elephants Steel Solutions Co.,Ltd.
၃၄။ ဦးဇော်မင်းသန့် ပြည့်စုံဟိန်းကုမ္ပဏီ

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

၁။ ဦးလင်းသော်ဇင် Brilliant Myanmar ကုမ္ပဏီ
၂။ ဦးအောင်မျိုးဟိန်း Authentic ကုမ္ပဏီ
၃။ ဦးအောင်ဝင်းခိုင် Royal Hi-Tech Group ကုမ္ပဏီ

**လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)**

၁။ ဦးအေးမင်း ရွှေနှစ်လှိုင်ကုမ္ပဏီ
၂။ ဦးသီဟ YEG ကုမ္ပဏီ
၃။ ဦးမောင်မောင်နိုင် မြန်မာစစ်သူကြီးကုမ္ပဏီ
၄။ ဦးကျော်ကျော်နိုင် Mansion ကုမ္ပဏီ
၅။ ဦးဇာနည်ဝင်းခိုင် ဇာနည်ထက်ကုမ္ပဏီ
၆။ ဦးလှိုင်ဘွားအောင် မင်္ဂလာအောင်မြေကုမ္ပဏီ

**လူမှုထူးချွန်တံဆိပ်(တတိယဆင့်)**

၁။ ဦးအေးကြိုင် မန်နေဂျာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၂။ ဦးမိုးကျော်နိုင် တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဦးနေမျိုးဝင်း ဓမ္မသုခပုံနှိပ်တိုက်
၄။ ဦးတင်စိုး Soe Offset

**စီးပွားထူးချွန်တံဆိပ်**

**စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)**

၁။ ဦးစိန်လွင် လက်ထောက်ဌာနမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပညာရပ်ဆိုင်ရာ ထူးချွန်တံဆိပ်များ**

**ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

၁။ ဦးကြည်စိုး ပန်းတော့ပညာရှင်

**နည်းပညာထူးချွန်တံဆိပ် (ပထမဆင့်)**

၁။ ဒုတိယဗိုလ်မှူးကြီး သက်ထွန်းဦး ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဒုတိယဗိုလ်မှူးကြီး အောင်သန်းဦး (ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဒုတိယဗိုလ်မှူးကြီး ကိုထက်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၄။ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးခန့်(ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၅။ ဗိုလ်ကြီး နေလင်းကိုကို ကာကွယ်ရေးဝန်ကြီးဌာန

**နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

၁။ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဗိုလ်မှူး အောင်ကျော်ဇော ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဗိုလ်မှူး ရဲဖြိုးသူ ကာကွယ်ရေးဝန်ကြီးဌာန
၄။ ဗိုလ်ကြီး ညီလင်းအောင် ကာကွယ်ရေးဝန်ကြီးဌာန
၅။ ဗိုလ်ကြီး နိုင်လင်း ကာကွယ်ရေးဝန်ကြီးဌာန
၆။ ဗိုလ်ကြီး ပြည့်ဖြိုးအောင် ကာကွယ်ရေးဝန်ကြီးဌာန
၇။ ဗိုလ်ကြီး အေးမင်းကို ကာကွယ်ရေးဝန်ကြီးဌာန
၈။ ဗိုလ်ကြီး စန်းယုမြင့် (ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၉။ ဦးကျော်ကျော်လွင် KKL Stone Sculpture ကုမ္ပဏီ
၁၀။ ဦးမိုးဦး More CNC ကုမ္ပဏီ

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

၁။ ဗိုလ်ကြီး အောင်နိုင်သူ ကာကွယ်ရေးဝန်ကြီးဌာန
၂။ ဗိုလ်ကြီး လင်းဇော် ကာကွယ်ရေးဝန်ကြီးဌာန
၃။ ဗိုလ်ကြီး ဖြိုးသီဟမြင့် ကာကွယ်ရေးဝန်ကြီးဌာန
၄။ ဗိုလ်ကြီး သောင်းဟန် ကာကွယ်ရေးဝန်ကြီးဌာန
၅။ ဗိုလ်ကြီး ဟိန်းထက်စံ ကာကွယ်ရေးဝန်ကြီးဌာန
၆။ ဗိုလ်ကြီး ကောင်းရဲလတ် ကာကွယ်ရေးဝန်ကြီးဌာန
၇။ ဗိုလ်ကြီး မင်းဟန် ကာကွယ်ရေးဝန်ကြီးဌာန
၈။ ဗိုလ်ကြီး သုဝေအောင် ကာကွယ်ရေးဝန်ကြီးဌာန
၉။ ဗိုလ်ကြီး ဇော်မိုးသူ ကာကွယ်ရေးဝန်ကြီးဌာန
၁၀။ ဗိုလ်ကြီး ထက်အောင်ကျော် ကာကွယ်ရေးဝန်ကြီးဌာန
၁၁။ ဗိုလ်ကြီး သွင်သိန်းဇံ ကာကွယ်ရေးဝန်ကြီးဌာန
၁၂။ ဗိုလ်ကြီး ဟိန်းခန့်အောင် ကာကွယ်ရေးဝန်ကြီးဌာန
၁၃။ ဗိုလ်ကြီး နေထက်လင်း ကာကွယ်ရေးဝန်ကြီးဌာန
၁၄။ ဗိုလ်ကြီး ရဲလင်းနိုင် ကာကွယ်ရေးဝန်ကြီးဌာန
၁၅။ ဗိုလ်ကြီး ခန့်စိုးနိုင် ကာကွယ်ရေးဝန်ကြီးဌာန
၁၆။ ဗိုလ်ကြီး ဒေါ်သဥ္ဇာစိုးဝင်း ကာကွယ်ရေးဝန်ကြီးဌာန
၁၇။ ဗိုလ်ကြီး နေလင်းမောင် (ရေ) ကာကွယ်ရေးဝန်ကြီးဌာန
၁၈။ ၈၃၉၇၂၈ အရာခံဗိုလ်စိုး သိန်းငွေ ကာကွယ်ရေးဝန်ကြီးဌာန
၁၉။ ၇၃၆၄၉၀ ဒုတိယအရာခံဗိုလ် စန်းယုမောင် ကာကွယ်ရေးဝန်ကြီးဌာန
၂၀။ တ-၄၀၉၈၁၆ တပ်ခွဲတပ်ကြပ်ကြီး ရဲမင်းမြတ် ကာကွယ်ရေးဝန်ကြီးဌာန
၂၁။ ၄၂၆၆၈ အုပ်ခွဲတပ်ကြပ်ကြီး/၅၂ တင်ဝင်းနိုင် ကာကွယ်ရေးဝန်ကြီးဌာန
၂၂။ တ-၂၀၄၀၈၈ တပ်ကြပ်ကြီး ရဲမင်းထိုက် ကာကွယ်ရေးဝန်ကြီးဌာန
၂၃။ တ-၅၁၄၀၈၈ တပ်ကြပ်ကြီး ရဲသီဟအောင် ကာကွယ်ရေးဝန်ကြီးဌာန
၂၄။ တ-၃၂၁၄၈၈ တပ်ကြပ် ရန်နိုင်ဦး ကာကွယ်ရေးဝန်ကြီးဌာန
၂၅။ တ-၅၂၅၂၉၉ ဒုတိယတပ်ကြပ် အောင်သူရ ကာကွယ်ရေးဝန်ကြီးဌာန
၂၆။ တ-၅၁၂၇၅၀ တပ်သား ဝင်းကို ကာကွယ်ရေးဝန်ကြီးဌာန
၂၇။ ဦးကောင်းရဲလတ် သစ်ခွကုမ္ပဏီ
၂၈။ ဦးသန်းဇော် မြန်မာမှုကုမ္ပဏီ
၂၉။ ဦးအောင်မျိုးခိုင် Hexa Tech ကုမ္ပဏီ
၃၀။ ဦးနေလင်းထွန်း လင်းမြန်မာမှုကုမ္ပဏီ
၃၁။ ဦးမြင့်ဇော် ဦးမာဃကုမ္ပဏီ
၃၂။ ဦးကိုကိုဦး အနန္တဂုဏ်ကုမ္ပဏီ
၃၃။ ဦးသိန်းထွန်းဦး နဂါးနီကုမ္ပဏီ

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ (၂၉)ကြိမ်မြောက် အစည်းအဝေးကျင်းပ



ရန်ကုန် ဇူလိုင် ၂၃

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဓမ္မဝိဟာရကျောင်းဆောင်၌ ကျင်းပသည်။

အစည်းအဝေးသို့နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဆရာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညို ကြသည်။

အစည်းအဝေးကို "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အစည်းအဝေး သဘာပတိ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသက ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများကို အခြေခံပညာဦးစီးဌာန သက်ဆိုင်ရာ အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းများနှင့် တွဲဖက်ဖွင့်လှစ်ခွင့်ပြုရေး၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ အချိန်မီ ပြည့်စုံစွာရရှိရေး၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာ ဆရာမ များ၏ လစဉ်ထောက်ပံ့ငွေများ အချိန်မီထုတ်ယူခွင့် ရရှိရေး၊ ကျောင်းသား ကျောင်းသူစာရင်းကိုစုစည်း၍ နှစ်စဉ် ဇူလိုင် ၁ ရက်မှ ၇ ရက်အတွင်း မြို့နယ် သံဃနာယကအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ် ရေးအဖွဲ့သို့တင်ပြရေး၊ ပညာသင်ကြားမှုစည်းမျဉ်းများ ပြင်ဆင် ဖြည့်စွက်နိုင်ရေးအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အတည်ပြုချက်ရရှိရေး၊ ယဉ်ကျေးမှုသင်ခန်းစာ သင်ကြားပြီး ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူ များ ဝင်ရောက်ဖြေဆိုရေးနှင့် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၈)ကြိမ် မြောက် အစည်းအဝေးဆုံးဖြတ်ချက် ဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘုန်းတော်ကြီး ကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက လိုအပ်ချက်များကို ဖြည့်စွက် ဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြကာ အစည်းအဝေးဆုံးဖြတ်ချက် ၁၁ ချက်ကို ချမှတ်ခဲ့သည်။

ယင်းနောက် အစည်းအဝေး သဘာပတိ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဩဝါဒကထာမြွက်ကြား ပြီး ညွှန်ကြားရေးမှူးချုပ်က ဆရာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီက မဲအသာစီးဖြင့် အနိုင်ရရန် ဦးဆောင်လျက်ရှိ

ဖနောင်ပင် ဇူလိုင် ၂၃

ယနေ့တွင် ကျင်းပခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ၏အထွေထွေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီက မဲအသာစီးဖြင့် အနိုင်ရရှိရန် ဦးဆောင်လျက်ရှိကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲရလဒ်နှင့် စပ်လျဉ်း၍ လက်ရှိအချိန်တွင် တရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိသေးသော်လည်း ယနေ့ညနေပိုင်းတွင် ရရှိသည့်ရလဒ်များအရ ကမ္ဘောဒီးယားပြည်သူ့ပါတီအတွက် နောက်ထပ်တစ်ကြိမ် ကြီးမားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်လာခဲ့ကြောင်း ကမ္ဘောဒီးယားပြည်သူ့ပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဆွတ်အိုင်ဆန်က အတည်ပြုပြောကြားသည်။

"အခုရွေးကောက်ပွဲမှာ ကျွန်တော်တို့ပါတီ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ပါတီရဲ့ အနိုင်ရရှိခဲ့တဲ့ အမတ်အရေအတွက်ကို လက်ရှိအချိန်မှာ အတည်မပြုနိုင်သေးပါဘူး"ဟု ကမ္ဘောဒီးယားပြည်သူ့ပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဆွတ်အိုင်ဆန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယခုကျင်းပသည့် အထက်လွှတ်တော်အတွက် စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၁၂၅ ဦးကို ရွေးချယ်သော ငါးနှစ်တစ်ကြိမ်ကျင်းပသည့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၈ ပါတီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘောဒီးယားအမျိုးသားရွေးကောက်ပွဲကော်မတီသည် ယနေ့ညနေပိုင်းအချိန်တွင် နိုင်ငံတစ်ဝန်းမှ ဆန္ဒမဲရလဒ်များကို ရေတွက်နေဆဲဖြစ်ပြီး တရားဝင်မဲရလဒ်များကို ဩဂုတ် ၉ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ကျင်းပခဲ့သည့် ရွေးကောက်ပွဲသည် ၁၉၉၃ ခုနှစ်နောက်ပိုင်း ခုနစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ကမ္ဘောဒီးယားပြည်သူ့ပါတီက အထက်လွှတ်တော်တွင် အမတ်နေရာ ၁၂၅ နေရာလုံးကို အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အမေရိကန်ရေတပ်ဦးစီးချုပ်ရာထူးနေရာအတွက် ရေတပ်ဗိုလ်ချုပ်ကြီး လီဇာဖရန်ချက်တီကို အမည်စာရင်းတင်သွင်း

ဝါရှင်တန် ဇူလိုင် ၂၃

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အမေရိကန်ရေတပ်ဦးစီးချုပ်ရာထူးနေရာအတွက် ရေတပ်ဗိုလ်ချုပ်ကြီး လီဇာဖရန်ချက်တီကို အမည်စာရင်းတင်သွင်းခဲ့ကြောင်း သိရသည်။

ပါလီမန်က အတည်ပြုပါကငြင်းသည် အမေရိကန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးရေတပ်ဦးစီးချုပ် ဖြစ်လာမည်ဖြစ်သည်။

လီဇာဖရန်ချက်တီသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်၍ ရေတပ်စစ်ဆင်ရေး၏ ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏ယခင်တာဝန်များမှာ အမေရိကန်ရေတပ်ဖွဲ့(ကိုရီးယားနိုင်ငံ) US Naval Forces Korea ၏တပ်မှူးဖြစ်သည်။



၎င်းအား ရေတပ်ဦးစီးချုပ်အဖြစ် အထက်လွှတ်တော်က အတည်ပြုပါက ဖရန်ချက်တီသည် ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့် အခြားအကြီးအကဲများပါဝင်သည့် ပူးတွဲစစ်ဦးစီးချုပ်များထဲမှ ပထမဆုံး အမျိုးသမီးအဖွဲ့ဝင်တစ်ဦး ဖြစ်လာမည်ဖြစ်သည်။

ချက်တီသည် ၎င်း၏ ဘဝတစ်လျှောက်လုံးတွင် စစ်ဆင်ရေးနှင့် မူဝါဒရေးရာကိစ္စရပ်များကို ကိုင်တွယ်ရာတွင် ကျွမ်းကျင်မှုရှိသည်ဟု ဘိုင်ဒင်က ဆိုသည်။

ထို့ပြင် ပါလီမန်က အတည်ပြုပြီးပါက ချက်တီသည် ရေတပ်စစ်ဆင်ရေးဦးစီးချုပ်နှင့် ပူးတွဲစစ်ဦးစီးချုပ်များအဖြစ် တာဝန်ထမ်းဆောင်သည့် ပထမဆုံးအမျိုးသမီးအဖြစ် သမိုင်းဝင်စေမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောကြားသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ရေကြီးမှုကြောင့် သေဆုံးသူ ၂၆ ဦးရှိလာ

ကဘူးလ် ဇူလိုင် ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဝါဒက်ပြည်နယ်၌ ရေကြီးမှုကြောင့် သေဆုံးသူ ၂၆ ဦးရှိလာကာ အခြားသော ၄၄ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ရာမီဟီက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၂၂ ရက်နေ့ခင်းပိုင်းက ဝါဒက်ပြည်နယ်အရှေ့ပိုင်း ဒေသတချို့တွင် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် စုစုပေါင်း ၂၆ ဦးသေဆုံးကာ ၄၄ ဦးဒဏ်ရာရရှိခဲ့ပြီး ၃၆ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ရာမီဟီက သတင်းထောက်များအား ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သုံးရက်ကျော်ကာလကလည်း ပက်ဂ်မန်ခရိုင်နှင့် ခို့စ်ပြည်နယ်အရှေ့ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက်ရေကြီးမှုတို့ကြောင့် လေးဦး သေဆုံးခဲ့ကြောင်း ရာဟီမီက အတည်ပြုပြောကြားသည်။

ရေကြီးမှုအတွင်း လူနေအိမ် ၄၀၀ သည် အနည်းငယ်ပျက်စီးသို့မဟုတ် လုံးဝပျက်စီးမှုများရှိခဲ့ကြောင်းနှင့် စိုက်ပျိုးမြေဧကများစွာသည်လည်း ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# တောမီးလောင်ကျွမ်းမှုကြောင့် ကမ္ဘာလှည့်ခရီးသည်များအပါအဝင် လူပေါင်း ၂၀၀၀ ကျော် ဂရိနိုင်ငံ Rhodes ကျွန်းမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

အေသင် ဇူလိုင် ၂၃

ဥရောပတောင်ပိုင်း၌ အပူလှိုင်းဖြစ်၍ တောမီးလောင်ကျွမ်းမှုများဖြစ်ပွားမှုကြောင့် ကမ္ဘာလှည့်ခရီးသည်များအပါအဝင် လူပေါင်း ၂၀၀၀ ကျော်သည် ဂရိနိုင်ငံ Rhodes ကျွန်းမှဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။



အပူချိန်မြင့်မားမှုကြောင့် ဇူလိုင် ၁၈ ရက်တွင် တောမီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျံ့နှံ့သွားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး ဟိုတယ်သုံးလုံးပျက်စီးခဲ့ပြီး ကမ္ဘာလှည့်ခရီးသည်များ သင်္ဘောဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

ယမန်နေ့တွင် ရိုက်ကူးထားသော မှတ်တမ်းတင်ဓာတ်ပုံများတွင် ကမ်းခြေတစ်ခု၌ လူများစုဝေးကြပြီး ခရီးဆောင်အိတ်များကို လှေပေါ်သို့ ယူဆောင်လာသည်ကို ပြသထားသည်။

ကမ်းရိုးတန်းစောင့်တပ်နှင့် ရေတပ်သင်္ဘောများအပြင် ပုဂ္ဂလိက စက်လှေအစင်း ၂၀ ကျော်သည် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပေးလျက်ရှိသည်။

ရဟတ်ယာဉ်များအပါအဝင် မီးသတ်သမား ၁၇၀ ကျော် မီးငြိမ်းသတ်လျက်ရှိသော်လည်း ယခုအချိန်အထိတိုင် ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း ဂရိမီးသတ်ဌာနက ပြောကြားသည်။

ယခုရက်သတ္တပတ်အတွင်း အေသင်မြို့အနီးနှင့် ဂရိနိုင်ငံရှိ အခြားနေရာများတွင်လည်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်တွင် ဂရိနိုင်ငံတစ်ဝန်း၌ နေ့အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်သောကြောင့် ဂရိအာဏာပိုင်များသည် တောမီးများပိုမိုဖြစ်ပွားနိုင်ခြေ မြင့်မားကြောင်း သတိပေးထားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၃

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက ဖမ်းဆီးရမိထားသော အိန္ဒိယနိုင်ငံထုတ် ကုန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ၍ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အိန္ဒိယနိုင်ငံထုတ် သကြားအိတ် ၅၅၇ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၈၀၀၀၀) နှင့် အိန္ဒိယနိုင်ငံထုတ် ဂျုံမှုန့်အိတ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉၆၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၈၄၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင်တရားမဝင်ကုန်ပစ္စည်းများတားဆီးရေးအဖွဲ့က မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၅)လမ်းနှင့်(၆)လမ်းကြားရှိ ဂိုဒေါင်အား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဘက်ထရီမျိုးစုံ ၁၃၁၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၁၁၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Personal Goods Lunch Box ကီလိုဂရမ် ၂၈၆၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၅၉၄၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၅၉၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၂ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၃၉၅၆၉၄၆)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၂၂ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "War War Htet" အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ ရွှေဥက္ကံကျေးရွာနေ ဝါဝါထက်အား နံနက် ၈ နာရီခွဲတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၇-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** 'တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်' (အပိုင်း-၄)
- **၀၈:၃၅** ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာအလင်္ကာ
- **၀၉:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၁၀:၀၀** 'သတင်းသမားပြောတဲ့သတင်းစကား'
- **၁၀:၃၀** 'Economic Review'
- **၁၁:၃၀** ဘဝနှင့်အနုပညာ 'ဂန္ထဝင်ဟာသအနုပညာရှင်မိုးဒီ'(အပိုင်း-၂)
- **၁၂:၃၀** 'မာရဝိဇယအစီအစဉ်'
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး**' (အပိုင်း-၃၃)
- **၁၅:၃၀** ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- **၁၆:၃၅** မျိုးဗုဇ်တင့်စေဆိုကရေးတီးအငွေ
- **၁၇:၂၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၄၀** 'တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်' (အပိုင်း-၅)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၂၅** 'New Future Program'
- **၁၈:၄၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**မာယာမျက်နှာဖုံး**' (အပိုင်း-၂၂)
- **၁၉:၂၀** 'မာရဝိဇယအစီအစဉ်'
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** 'မာရဝိဇယအစီအစဉ်'
- **၂၁:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**ကံကြမ္မာမုန်တိုင်း**' (အပိုင်း-၃၃)
- **၂၂:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ပြောင်းလဲနိုင်သောအချိန်စက်ဝန်း**' (အပိုင်း-၁၁)

**mitv**

- **07:01** Evergreen Classic: Myitta (Kyawt Kay Khaing)
- **07:07** Enchanting Myeik
- **07:23** Yoga & Health
- **07:44** Myanmar Orchestra: A Blend of Arts!
- **08:01** Aesthetic Chinlone
- **08:26** ASEAN Information Exchange Initiative: Renewable Energy
- **08:32** Myanmar's Traditions and Culture: The Golden Land
- **08:52** Waso or the Buddhist Lent
- **09:01** Mahavihara: From Forest Monastery to Dhamma-Vinnya University
- **09:36** Discovering Tribes: Pre Kayaw (Their Life and Customs) (Part-1)
- **10:01** News
- **10:27** Topical Topics (No. 8) Children Literature & Opportunity of Learning

**MRTV NRC**

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
မြင်းဇွာရွက်၏ဆေးဖက်ဝင်အစွမ်းထက်မှုများ

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၅)

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ArakanTalented Star
(တေးသံရှင်ချစ်မြတ်စုံ Interview)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှမ်းငြီးတဲ့လမ်းခရီး

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ပျော်ရွှင်စရာ 'ဝ' ရိုးရာစကောထမင်းဝိုင်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ကချင်တိုင်းရင်းသားမနောအက

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ဒေါလဲဒွတ္တအကြောင်း

**ဝကေကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပိန်းပုတ်ဝတ်သားဟင်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တောလိုက်ထွက်ကြရအောင်(သုတ)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဟားစည်မြေမှရောင်စုံအလှ(အပိုင်း-၃)

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ရာဇဂြိုဟ်မြို့သို့အလည်တစ်ခေါက်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၉:၄၅** တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော် (အပိုင်း-၃)
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အဝယ်မလောနဲ့**'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** 'PR SYSTEM' ရှင်းလင်းပွဲ
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)
- **၁၈:၀၀** Economic review အပိုင်း-၁၂

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၄၀** အထွက်နှုန်းပိုတိုးဖို့စမ်းသပ်စိုက်ပျိုးစို့
- **၀၇:၂၀** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၀၇:၃၀** သဘာဝအတိုင်းပုစွန်မွေးမြူခြင်းနှင့် သိပ္ပံနည်းကျပုစွန်မွေးမြူခြင်းလုပ်ငန်း
- **၀၈:၀၀** ပေါက်အင်းမျိုးစေ့ထုတ်စိုက်ကွင်းမှတောင်သူ ပညာပေးနှင့်ကွင်းသရုပ်ပြပွဲ
- **၀၈:၁၅** တစ်နိုင်တစ်ပိုင်ငါးနှင့်ဟင်းသီးဟင်းရွက် တွဲဖက်စိုက်ပျိုးမွေးမြူနည်း
- **၀၉:၂၀** အကျိုးများဖို့လေ့လာစရာရိတ်သိမ်းချိန်လွန် နည်းပညာ
- **၀၉:၄၀** တောင်သူမှသည်...တောင်သူဆီသို့

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သုတအကြောင်း/ လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၁၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ဆေး'
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့ တနင်္ဂနွေ မှအပ
နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပုသိမ်မြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပုသိမ် ဇူလိုင် ၂၃

ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ပုသိမ်မြို့ရှိ ဒေသခံပြည်သူများအား ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ ဝန်ကြီးများနှင့် ဇနီးများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။



### ထောက်ပံ့လှူဒါန်း

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လာရောက်ဆေးကုသသည့် လူနာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ နံနက်စာ စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းသည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများက လူနာစာရင်းရေးသွင်းနေမှု၊ အထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာနွယ်နွယ်(နှလုံးဆေးကု)၊ ပါမောက္ခဒေါက်တာသန်းသန်းအေး (အစာအိမ်နှင့်အူလမ်းကြောင်း)၊ ပါမောက္ခဒေါက်တာသင်းသင်းနွဲ့(ဆေးပညာ)၊ ပါမောက္ခ ဒေါက်တာမိုးဝင့်အောင် (ဆီးချိုနှင့်ဟော်မုန်း)၊ ပါမောက္ခ ဒေါက်တာဖြူဖြူလေး (ဦးနှောက်နှင့်အာရုံကြောဆေးကု)၊ ပါမောက္ခဒေါက်တာကျော်စွာအောင် (ဦးနှောက်နှင့် အာရုံကြောခွဲစိတ်)၊ ပါမောက္ခ ဒေါက်တာ ခိုင်ရွှေဝါပွင့်(သွေးရောဂါ)၊ ဒေါက်တာယဉ်နွယ်ထွန်း တွဲဖက်ပါမောက္ခ (နှလုံးဆေးကု)၊ ဒေါက်တာဇေယျာလွင်(အထူးကုဆရာဝန်)(အစာအိမ်နှင့်အူလမ်းကြောင်း)တို့က ဆေးကုသမှုပေးနေမှုများအား တိုင်းဒေသကြီးကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ပုသိမ်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဇင်တို့က လိုက်လံရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က အထူးကုဆရာဝန်ကြီးများအား ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ပုသိမ်ပြည်သူ့ဆေးရုံကြီး ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်တိုင်တိုင် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နှလုံးရောဂါ ၁၄၇ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ ၈၂ ဦး၊ ဆေးပညာ ၂၂၃ ဦး၊ ဆီးချိုနှင့်ဟော်မုန်း ၁၂၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကု ၁၄၁ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ် ၃၆ ဦး၊ သွေးရောဂါ ၂၂ ဦးနှင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးမှ မျက်စိ ၇၄ ဦး၊ သားဖွားမီးယပ် ၁၀ ဦး၊ အရိုး ၇၉ ဦး၊ ခွဲစိတ် ၁၇ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်း ၂၀၊ သွား ငါးဦး၊ အရေပြား ၂၀၊ ကလေး ကိုးဦး စုစုပေါင်း ၁၀၁၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ခန္တီးမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့နယ်ရှိ ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

### ဆောင်ရွက်ပေး

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၃၃၉ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ခန္တီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘင်းမ်စတက် (BIMSTEC) အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၃

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ဘင်းမ်စတက် (BIMSTEC) အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြင့်မြင့်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်တွင် ရန်ကုန်မြို့မှ လေကြောင်းလိုင်းဖြင့် ကိုလံဘိုမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။ သတင်းစဉ်



# ဝါးခယ်မမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုမြေသြဇာများ ပေးအပ်

ဝါးခယ်မ ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သွင်းအားစုမြေသြဇာ ပေးအပ်ခြင်းကို ကျွန်းကုန်းကျေးရွာရှိ ချမ်းမြေ့ဆန်စက်တွင် ကျင်းပသည်။

ယင်းသို့ပေးအပ်ရာတွင် တစ်ဧကလျှင် စပါး ၁၀၀ တင်းနှုန်း ပိုမိုထွက်ရှိအောင် ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းခြောက်သင်း၊ အသင်းသားတောင်သူ ၁၀၀ ၏လယ်ဧက ၁၀၀၀ အတွက် တစ်ဧကလျှင် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုမြေသြဇာများဖြစ်သည့် ကောမက်ပုလဲနှင့် ကွန်ပေါင်းဓာတ်မြေသြဇာအိတ်များကို အသင်းသားတောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၃၃၂ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၃၂)) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၁)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၈၈,၇၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၇၇) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅ ) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၇၂) ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ ကျန်းမာရေးဝန်ကြီးဌာန

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၂၃

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများနှင့် နေအိမ်များ၌ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဆရာ ဆရာမများအား သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ရင်းတန်းရပ်ကွက်ရှိ တောင်သူတစ်ဦး၏ လယ်မြေ၌ပြုလုပ်သော စူပါဘိုကာရှိသဘာဝမြေဩဇာပြုလုပ် သုံးစွဲနည်းသရုပ်ပြပွဲ၊ မိုးစပါး GW – 11 စပါးပျိုးခင်းနှင့် ထွန်ယက်စိုက်ပျိုးမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်

နေပြည်တော် ဇူလိုင် ၂၃

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်၏ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Mawlamyine Century Logistics (MCL–3) သင်္ဘောသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သည့် ဆန် ၂၄ ပြည်ဝင်အိတ် ၄၄၃၈၀ နှင့် မိသားစုသုံးပစ္စည်းအထုပ် ၂၀၀၀ အပါအဝင် စုစုပေါင်း ကူညီကယ်ဆယ်ရေးပစ္စည်း ၂၂၂၂ ဒသမ ၂၈၇ တန်တင်ဆောင်ပြီး ယနေ့ညနေ ၄ နာရီတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၅ စင်းဖြင့်ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၃၂၈၁၂ ဒသမ ၉၀ တန် နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့တွင် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၂၃

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# မုဒုံမြို့၌ အခြေခံအိတ်ချုပ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

မုဒုံ ဇူလိုင် ၂၃

မွန်ပြည်နယ် မုဒုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအိတ်ချုပ်နည်း သင်တန်းဆင်းပွဲကို ဇူလိုင် ၂၁ ရက်က နိုင်လုံကျေးရွာရှိ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်ဦးစီးမှူးက သင်တန်းနည်းပြအား လက်ဆောင်ပစ္စည်း ပေးအပ်သည်။



သင်တန်းတွင် နည်းပြနှစ်ဦးမှ ဖုန်းအိတ်၊ ဖိုင်အိတ်၊ ဇစ်နှစ်ထပ်အိတ်၊ဘေးလွယ်အိတ်၊ ဘောလ်ပင်အိတ်၊ ခရုပိုက်ဆံအိတ်၊ ခေါက်အိတ်၊ ဖရုံအိတ်ချုပ်နည်းတို့ကို ၁၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် သင်တန်းသူ ၂၀ အား သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေပြည်သာ မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၂)ဖြင့် ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းပြုလုပ်ပေးခဲ့သော အိမ်ထောင်စု လူဦးရေစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြည်သူများထံ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၁၄)ရပ်ကွက် ပန်းခြံ(၄) ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းခင်းစီမံချက်(၂) ဖြင့် ကွင်းဆင်းပြုလုပ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်း ၃၂ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၈ ကတ်တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက (၁၄)ရပ်ကွက် ပြည်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

**✻ ကျောဖုံးမှ**

လက်ရှိတရားဝင် လှည့်လည်သုံးစွဲနေသော ငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

ငွေစက္ကူသစ်နှင့်ပတ်သက်သည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**နှစ်သောင်းကျပ်တန်ငွေစက္ကူ**

အရွယ်အစား ။ အလျား(၁၅)စင်တီမီတာနှင့် အနံ (၇ )စင်တီမီတာ

ပေါ်လွင်သောအရောင် ။ အစိမ်းနုရောင်

မျက်နှာစာဘက် ။ နှစ်သောင်းကျပ်တန် ငွေစက္ကူ၏ ထိပ်ပိုင်းတွင် "မြန်မာနိုင်ငံတော်ဗဟိုဘဏ်" စာတန်းရိုက်နှိပ်ထားပါသည်။ မျက်နှာစာဘက်အလယ်ပိုင်းတွင် မြန်မာ့အနုပညာလက်ရာမြောက် ရတနာဆင်ဖြူတော်ပုံ ရိုက်နှိပ်ထားပြီး ငွေစက္ကူ၏ လက်ယာဘက်တွင် ငွေစက္ကူတန်ဖိုးကို မြန်မာစာသားဖြင့် "နှစ်သောင်းကျပ်"ဟု ဖော်ပြထားပါသည်။ ထောင့်သုံးထောင့်တွင်လည်း ငွေစက္ကူ၏ တန်ဖိုးကို မြန်မာ၊ အင်္ဂလိပ် ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူ၏ လက်ဝဲဘက်တွင် ရတနာဆင်ဖြူတော် ဦးခေါင်းပုံရေစာပါရှိပါသည်။ ငွေစက္ကူ၏ ဘယ်ညာအစွန်းများတွင် အမြင်အာရုံချို့ယွင်းသူများ အထိအတွေ့ဖြင့် အာရုံခံသိရှိနိုင်သော မျဉ်းတို (၁၂) ချောင်းစီကို ရိုက်နှိပ်ထားပါသည်။

ကျောဘက် ။ နှစ်သောင်းကျပ်တန် ငွေစက္ကူ၏ ကျောဘက်တွင် စစ်ကိုင်းတံတားပုံနှင့် ရောဝတီတံတား(ရတနာပုံ)အား ရိုက်နှိပ်ထားပြီး အပေါ်ပိုင်း၌ " CENTRAL BANK OF MYANMAR " စာတန်း၊ အောက်ပိုင်း၌ "TWENTY THOUSAND KYATS"ဟူသောစာတန်းများ ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏ တန်ဖိုးများကို မြန်မာ၊ အင်္ဂလိပ်ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။ နောက်ကျောဘက်တွင် ရှုထောင့်အမျိုးမျိုးမှ ပြောင်းလဲကြည့်လျှင် ရွှေရောင်မှ အစိမ်းရောင်သို့ ပြောင်းလဲသော Colour Shift လုံခြုံရေးကြိုးကို ဒေါင်လိုက် မြှုပ်နှံထည့်သွင်းထားပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် (၄၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာယဗလမောင် အသက်(၂၁)နှစ်အောက် ပဏာမလူရွေးချယ်ခြင်းကို ကျင်းပရာ ၆၀၊ ၆၅၊ ၇၀၊ ၇၅ ကီလိုတန်းနှင့် ၇၅ ကီလိုအထက် ပြိုင်ပွဲများကိုလည်းကောင်း၊ Men's Sports Physique၊ Men's Athletic Physique၊ Men's Fitness Physique ပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ ပဏာမလူရွေးချယ်ပွဲကို ကျင်းပရာ Women's Model Physique၊ Women's Athletic Physique၊ Women's Fitness Physique ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့်ရွေးချယ်မှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်က တံခွန်စိုက်ဗိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအသင်းကို လည်းကောင်း၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။




**သတင်းစဉ်**

# မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အစည်းအဝေး ကျင်းပ




ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ ၇/၂၀၂၃ အလုပ်အမှုဆောင် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ဗဟိုနာယကကြီးများဖြစ်ကြသည့် ဦးဌေးအောင်၊ ဦးမြင့်သန်း၊ ဒေါက်တာလှထွန်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုဒုတိယဥက္ကဋ္ဌ၊ သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း၊ ဗဟိုဒုတိယဥက္ကဋ္ဌ အခမဲ့မျက်စိကုသရေးကော်မတီဥက္ကဋ္ဌဦးဇော်ဇော်နိုင်နှင့် ဗဟိုဒုတိယဥက္ကဋ္ဌ ဦးသောမတ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြခဲ့ကြသည်။

ထို့နောက် အတွင်းရေးမှူး ဦးအောင်မျိုးသန့်က ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဥပဒေရေးရာကော်မတီဝင် ဦးသက်ဆွေက ဥပဒေရေးဆွဲမှုကို လည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို တွဲဖက်စာရင်းစစ် ဦးလှကြူကလည်းကောင်း ဖတ်ကြားတင်ပြခဲ့ကြသည်။

ယင်းနောက် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးမှူး ဦးဟန်သိန်းက မဂ္ဂဇင်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ အမျိုးသမီးရေးရာအထောက်အကူအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြသွေးက စည်းရုံးမှုအခြေအနေကိုလည်းကောင်း၊ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းတို့ကလည်း တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်ဆည်းတင်ပြဆွေးနွေးခဲ့ရာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။

**တင်ဝင်းတင်**

# တရုတ် - မြန်မာ လူငယ်ချစ်ကြည်ဆွေးနွေးဖလှယ်ပွဲ ယူနန်ပြည်နယ် မန်စီမြို့၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ကွန်မြူနစ်ပါတီ လူငယ်အဖွဲ့ချုပ် Dehong Youth Federation ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံရှိ မြန်မာ – တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းက ရွေးချယ်စေလွှတ်သော မြန်မာချစ်ကြည်ရေး လူငယ်ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုက် ၁၉ ရက်မှ ၂၂ ရက်အထိ တယ်ဟုန်ပြည်နယ်ခွဲ မန်စီမြို့၌ ကျင်းပသည့် "တရုတ်–မြန်မာ လူငယ်ချစ်ကြည်ဆွေးနွေးဖလှယ်ရေးလှုပ်ရှားမှု" အခမ်းအနားသို့ တက်ရောက်ကြသည်။




အခမ်းအနားသို့ တယ်ဟုန်ပြည်နယ်ခွဲ ကွန်မြူနစ်ပါတီမှ အမြဲတမ်းပါတီဝင် ပြည်နယ်ခွဲ ပြည်သူ့အစိုးရ ဒုတိယအုပ်ချုပ်ရေးမှူး Mr.Lin Ji နှင့် တာဝန်ရှိသူများ၊ တယ်ဟုန်ပြည်နယ်ခွဲ တရုတ်ကွန်မြူနစ်လူငယ် အဖွဲ့ချုပ် အတွင်းရေးမှူး တယ်ဟုန်ပြည်နယ်ခွဲ ညွန့်ပေါင်းလူငယ်ဥက္ကဋ္ဌ Ms. Chen Chunxiao၊ တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရပြည်ပရေးရာဌာနမှ တာဝန်ရှိသူများ၊ တယ်ဟုန်ပြည်နယ်ခွဲ လူငယ်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ပြီး မြန်မာချစ်ကြည်ရေး လူငယ်ကိုယ်စားလှယ် ၁၈ ဦး တက်ရောက်ကြသည်။

ခရီးစဉ်အတွင်း နှစ်ဖက်လူငယ်များက လူငယ်များနှင့် အနာဂတ်အလားအလာများ၊ Belt and Road စီမံကိန်းနှင့် ရှေ့အလားအလာများ၊ တရုတ်နိုင်ငံ၏ ဆင်းရဲမှုပပျောက်ရေး ဆောင်ရွက်ချက်နှင့် အောင်မြင်မှုများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်မှုများ၊ ကျေးလက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်နိုင်ငံပေါက်ဖော်ချစ်ခင်ရင်းနှီးမှုအတွက် လူငယ်များ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။ ခရီးစဉ်အတွင်း ရွှေလီမြို့ ကျယ်ခေါင်၊ ဝမ်တိန် နယ်စပ်ကုန်သွယ်ရေးဇုန်၊ မန်စီမြို့ ကျယ်ထောက် စံပြကျေးရွာ၊ Hougou ကော်ဖီကုမ္ပဏီ၊ တယ်ဟုန်ပြည်နယ်ခွဲ အမျိုးသားပြတိုက်တို့ကိုလေ့လာခဲ့ကြပြီး **"နှစ်နိုင်ငံလူငယ်များအကြား ချစ်ကြည်ရေးတည်ဆောက်ရန် သဘောထားကြေညာချက်"**ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးရဲနိုင်စိုး ခေါင်းဆောင်ပြီး ပါတီများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးကုမ္ပဏီများမှ ကိုယ်စားလှယ် ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးရာ တိုင်းရင်းဆေးတက္ကသိုလ်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ **ပါမောက္ခသိန်းဇော်လင်း** ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ ရိုးရာတွေးခေါ်မှုများ၊ ယုံကြည်ချက်၊ လူ့အဖွဲ့အစည်းတို့နှင့် အပြိုင်ဖြစ်ထွန်းလာခဲ့သော စစ်မှန်သည့်မြန်မာ့ရိုးရာအမွေအနှစ်၊ မွန်မြတ်သည့်အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည်။ **"အများပြည်သူအားထားဖွယ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ" "ပြည်သူလူထုကျန်းမာဖို့ တိုင်းရင်းဆေးဖြင့်စောင့်ရှောက်စို့"** ဆိုသည့် ဆောင်ပုဒ်များကို လက်ကိုင်ထားပြီး တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိသော တိုင်းရင်းဆေးတက္ကသိုလ်ကြီးတစ်ခုကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် (၁) လမ်းနှင့် မန္တလေး-မိုးကုတ် မတ္တရာလမ်းကြားတွင် နိုင်ငံတော်က တည်ဆောက်ပေးထားသည်။ တစ်နည်းအားဖြင့် **"အသက်ကလေးရယ်တဲ့ရှည်စေလို မန်းတောင်ရိပ်ခို"** ဆိုသည့် စာဆိုနှင့်အညီ အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် တိုင်းရင်းဆေးပညာရပ်များ သင်ကြားလေ့လာနေသောမျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များကွန်းခိုရာ တက္ကသိုလ်ကြီးအဖြစ် မန္တလေးတောင်ခြေရင်းတွင် ခံ့ခံ့ညားညားတည်ရှိနေပါသည်။

အဆိုပါတက္ကသိုလ်ကြီးတွင် တက်ရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက လာရောက်ကြသည့်အတွက် ကွဲပြားခြားနားသည့် တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့စရိုက်များ ရှုထောင့်ပေါင်းစုံ စုစည်းတည်ရှိပြီး တက်ကြွသည့်သင်ကြားမှု/သင်ယူမှုကို ဖန်တီးပေးနေသော တိုင်းရင်းသားပေါင်းစုံ ဥယျာဉ်ကြီးဟုလည်း ဆိုနိုင်ပါသည်။

**တိုင်းရင်းဆေးသိပ္ပံ**

ယခင်က တိုင်းရင်းဆေးပညာ သင်ကြားရေးနှင့်ပတ်သက်ပြီး မြန်မာ့တိုင်းရင်းဆေးပညာသမိုင်းတွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် တိုင်းရင်းဆေးသိပ္ပံတစ်ကျောင်းသာရှိပါသည်။ ၁၉၇၆ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး စာတွေ့ နှစ်နှစ်၊ လက်တွေ့ တစ်နှစ် ပေါင်း သုံးနှစ် သင်ကြားရကာ တိုင်းရင်းဆေးပညာဒီပလိုမာလက်မှတ်ပေးအပ်သည်။ အမှတ်စဉ် (၃၀) အထိ ဖွင့်လှစ်ခဲ့ကာ တိုင်းရင်းဆေးပညာဒီပလိုမာလက်မှတ်ရ ၂၁၈၇ ဦးမွေးထုတ်ပေးနိုင်ခဲ့သည်။

လက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို တိုင်းရင်းဆေးပညာအဆင့်မြှင့်တင်ရန်အတွက် အမျိုးသားပညာရည်မြင့်မားရေး အထူး(၄)နှစ်စီမံကိန်း၏ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက် (Vision 2030) နှင့်အညီ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် တက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး **(၂၀၀၁-၂၀၀၂ ပညာသင်နှစ်)** ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။

တက္ကသိုလ်၏ မျှော်မှန်းချက် (VISION)အနေဖြင့် တိုင်းရင်းဆေးပညာသင်ကြားမှုဗဟိုဌာနအဖြစ် အမျိုးသားအဆင့်မှ နိုင်ငံတကာအဆင့်အထိ ဦးဆောင်လျက် ဆောင်ရွက်နိုင်စေရန် ဖြစ်ပါသည်။ လုပ်ငန်းတာဝန်များ (MISSION) အနေဖြင့် တိုင်းရင်းဆေးတက္ကသိုလ်သည် ၂၁ ရာစုနှင့်လိုက်လျောညီထွေစွာ တွေးခေါ်ကြံဆတတ်ပြီး ကိုယ်ရည်ကိုယ်သွေးနှင့် ပညာရပ်ဆိုင်ရာ အဆင့်အတန်းမြင့်မားသည့် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်မွေးထုတ်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ရည်ရွယ်ချက်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာကို ကျွမ်းကျင်စွာ တတ်မြောက်စေရမည်၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရမည်၊ နိုင်ငံတကာတွင် အစဉ်သဖြင့် ပြောင်းလဲတိုးတက်နေသော တိုင်းရင်းဆေးပညာရပ်များကိုလည်း စဉ်ဆက်မပြတ်လေ့လာနိုင်ရမည်၊ သမားတစ်ဦးတွင် ရှိရမည့်ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံ၍ သမားဂုဏ်ကို အစဉ်ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်သူဖြစ်ရမည်၊ တိုင်းရင်းဆေးပညာရပ် တိုးတက်မြင့်မားလျက်ရှိသောနိုင်ငံများနှင့် ကုသရေး သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရမည်၊ နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးစီမံချက်များတွင် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရမည်၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးပညာကို အနောက်တိုင်းဆေးပညာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရမည်ဆိုသည့် ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**သင်ရိုးညွှန်းတမ်းပါ ဘာသာရပ်များအဖြစ် ဆေးလက်တွေ့အခြေခံ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များတွင်** ၁။ မြန်မာစာ၊ ၂။ ပါဠိသက္ကတ၊ ၃။ အင်္ဂလိပ်စာ၊ ၄။ ရူပဗေဒ၊ ၅။ ရက္ခဗေဒ၊ ၆။ သတ္တဗေဒ၊ ၇။ ဓာတုဗေဒ၊ ၈။ အပြုအမူဆိုင်ရာသိပ္ပံ၊ ၉။ ကွန်ပျူတာဘာသာရပ်တို့ကို ပထမနှစ်တွင် စတင်သင်ကြားပေးပါသည်။

**အနောက်တိုင်း ဆေးပညာနှင့်ပတ်သက်သည့် ဘာသာရပ်များအဖြစ်** ၁။ ခန္ဓာဗေဒ၊ ၂။ ဇီဝကမ္မဗေဒ၊ ၃။ ရောဂါဗေဒ၊ ၄။ ဇီဝဓာတုဗေဒ၊ ၅။ အဏုဇီဝဗေဒ၊ ၆။ လူနာချဉ်းကပ်၊ ၇။ ဆေးဝါးဗေဒ၊ ၈။ ကာကွယ်ရေးနဲ့ လူမှုရေးဆေးပညာ၊ ၉။ မှုခင်းဆိုင်ရာဆေးပညာ၊ ၁၀။ သုတေသနနည်းစနစ်ဘာသာရပ်တို့ကို ဒုတိယနှစ်တွင် သင်ကြားပေးပါသည်။

**တိုင်းရင်းဆေးပညာအဓိကဘာသာရပ်များအဖြစ်** ၁။ ဒေသနာနယ၊ ၂။ ဘေသဇ္ဇနယ၊ ၃။ နက္ခတ္တနယ၊ ၄။ ဝိဇ္ဇာဓရနယ၊ ၅။ ဆေးပညာဥပဒေသ၊ ၆။ လူနာချဉ်းကပ်(တိုင်းရင်း)၊ ၇။ စိတ္တဗေဒ၊ ၈။ ဆေးဝါးဗေဒ၊ ၉။ ဆေးဖက်ဝင်အပင်၊ ၁၀။ အာဟာရဗေဒ/ ဓာတ်စာ၊ ၁၁။ ဆေးပစ္စည်းအာနိသင်၊ ၁၂။ ခန္ဓာဗေဒ (တိုင်းရင်း)၊ ၁၃။ ဇီဝကမ္မဗေဒ (တိုင်းရင်း)၊ ၁၄။ တိုင်းရင်းဆေးပညာသမိုင်း၊ ၁၅။ ပဉ္စကမ္မ၊ ၁၆။ အကြော၊ အရိုး၊ အဆစ်ကုသမှု၊ ၁၇။ အနာပေါက်ကုသမှု၊ ၁၈။ မီးယပ်ရောဂါပညာ၊ ၁၉။ ကလေးရောဂါပညာ၊ ၂၀။ အပ်စိုက်ကုပညာဘာသာရပ်တို့ကို တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင် သင်ကြားပေးပါသည်။

**သုတေသနလုပ်ငန်းများကို အဓိကထားလုပ်ကိုင်နိုင်**

တိုင်းရင်းဆေးပညာကို ယခင်က အတွေ့အကြုံ အခြေပြုဆေးပညာ (Experience based medicine) အဖြစ်မှ ယခုအခါ အထောက်အထားအခြေပြုဆေးပညာ (Evidence based medicine) အဖြစ် သိပ္ပံနည်းကျဆေးပညာ ဖြစ်လာစေရေးအတွက် သုတေသနလုပ်ငန်းများကို အဓိကထားလုပ်ကိုင်နိုင်ရေး သင်ကြားမှု/ သင်ယူမှုအထောက်အကူပြုပစ္စည်းများ အသုံးပြုပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ဆရာ၊ ဆရာမကြီးများက စနစ်တကျသင်ကြားပေးလျက်ရှိပါသည်။

ထို့အပြင် သင်ရိုးညွှန်းတမ်းပြင်ပလေ့လာစရာများအနေဖြင့် အနောက်တိုင်းဆေးပညာသင်ကြားရေး ဆေးရုံကြီးများ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ကလေးဆေးရုံကြီးတို့သို့ သွားရောက်လေ့လာရခြင်း၊ မန္တလေးမြို့အနီးအနားရှိ တောတောင်များသို့ ဆေးဖက်ဝင်အပင် လေ့လာရေးခရီးစဉ်သွားရောက်ခြင်း၊ ဆေးဖက်ဝင်အပင်များ ပေါများစွာပေါက်ရောက်နေသည့် ပုပ္ပားတောင်မကြီးသို့ သွားရောက်လေ့လာခြင်း၊ ပုဂံညောင်ဦးဒေသရှိ တိုင်းရင်းဆေးနှင့် ပတ်သက်သည့် ရှေးဟောင်း အထောက်အထားများကို သွားရောက်လေ့လာရခြင်း၊ ISO လက်မှတ်ရ၊ GMP လက်မှတ်ရ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊ သုတေသနဓာတ်ခွဲခန်းများသို့ လေ့လာရေးခရီးသွားရောက်ရခြင်း၊ တိုင်းရင်းဆေးပညာသုတေသနစာတမ်းဖတ်ပွဲများတွင် တက်ရောက်လေ့လာရခြင်း၊ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်သင်ကြားရေးအစီအစဉ်ဟောပြောပွဲများတွင် တက်ရောက်ဆွေးနွေးရခြင်းအပြင် တက္ကသိုလ်နှင့်အနီးဆုံးတွင် ခုတင် (၁၀၀) ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံကြီးတို့ တည်ရှိနေသဖြင့် ဆေးကုသရေး၊ ဆေးဝါးထုတ်လုပ်ရေး ပညာရပ်များကို တစ်ပါတည်းလေ့လာနိုင်ကြမည်ဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဗလ ဖွံ့ဖြိုးတိုးတက်စေရန် တက္ကသိုလ်ဓမ္မာရုံတွင် ဓမ္မစကြာဝတ်အသင်း စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ အားကစားလရာသီတွင် အားကစားပြိုင်ပွဲများ လုပ်ဆောင်ပေးခြင်း၊ စာသင်ချိန်ပြင်ပတွင် ဝင်ရောက်လေ့ကျင့်ဆောင်ရွက်နိုင်သည့် အားကစားလေ့ကျင့်ရေးအခန်းထားရှိပေးခြင်း၊ ဝါဆိုသင်္ကန်းကပ်ပွဲ၊ ကထိန်ပွဲ၊ ထမနဲပွဲရာသီတွင် စုပေါင်းထမနဲထိုးပြိုင်စေခြင်း၊ စာပေအနုပညာအသင်းထားရှိကာ ကဗျာ/ ကာတွန်း/ ဝတ္ထု/ ဆောင်းပါးပြိုင်ပွဲ၊ စကားရည်လုပွဲများဆောင်ရွက်စေခြင်း စသည့်ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ကျောင်းသား ကျောင်းသူများအဖြစ် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပါသည်။

တိုင်းရင်းဆေးတက္ကသိုလ်တွင် ပညာသင်နှစ် အဖြစ် စာတွေ့လက်တွေ့လေးနှစ်၊ သင်ကြားရေး တိုင်းရင်းဆေးရုံများတွင် အလုပ်သင်တစ်နှစ် စုစုပေါင်းငါးနှစ်သင်ယူလေ့လာပြီးနောက် **"မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့" "Bachelor of Myanmar Traditional Medicine (BMTM)"** ရရှိမည်ဖြစ်ပါသည်။ ဘွဲ့ရရှိပြီးသူများအနေဖြင့် လက်ရှိဘွဲ့ဖြင့် တင်းတိမ်မနေဘဲ စာတွေ့လက်တွေ့နှင့် ကျမ်းပြု နှစ်နှစ်သင်တန်းဆက်လက်တက်ရောက်ပြီးပါက မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ **"Master of Myanmar Traditional Medicine (MMTM)"** ကို ရရှိမည်ဖြစ်သည်။

**စာမျက်နှာ ၁၉ သို့** ✤

**"အသက်ကလေးရယ်တဲ့ရှည်စေလို မန်းတောင်ရိပ်ခို" ဆိုသည့် စာဆိုနှင့်အညီ အသက်ရှည်ရာအနာမဲ့ကြောင်းအတွက် တိုင်းရင်းဆေးပညာရပ်များ သင်ကြားလေ့လာနေသောမျိုးဆက်သစ်တိုင်းရင်း ဆေးပညာရှင်များကွန်းခိုရာ တက္ကသိုလ်ကြီးအဖြစ် မန္တလေးတောင်ခြေရင်းတွင် ခံ့ခံ့ညားညားတည်ရှိနေ**

## မန်ယူအသင်းမှ ဘရာဇီးနောက်ခံလူ တဲလ်လက်စ် ဆော်ဒီကလပ် အယ်လ်နားဆားအသင်းသို့ ပြောင်းရွှေ့




ဘရာဇီးနောက်တန်းကစားသမား တဲလ်လက်စ်ဟာ ဆော်ဒီအာရေဗျကလပ် အယ်လ်နားဆားအသင်းကို အမြဲတမ်းပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိ တဲလ်လက်စ်ဟာ ဇန်နဝါရီလအတွင်းက ဆော်ဒီပရိုလိဂ်ကို ပြောင်းရွှေ့သွားခဲ့တဲ့ မန်ယူအသင်း ကစားဖော်ဟောင်းတစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရှိရာ အယ်လ်နားဆားအသင်းဆီ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပေမယ့် လက်ရှိအချိန်အထိ စာချုပ်သက်တမ်းနဲ့ လုပ်ခလစာနဲ့ပတ်သက်ပြီး အတည်ပြုနိုင်ခြင်း မရှိသေးတာဖြစ်ပါတယ်။

ဘရာဇီးနောက်တန်းကစားသမား တဲလ်လက်စ်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက ပေါ်တိုအသင်းကနေ မန်ယူအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၁၃ ဒသမ ၆ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၅၀ ပါဝင်ကစားပေးခဲ့ကာ ပြီးခဲ့တဲ့ဘောလုံးရာသီကတော့ ဆီဗီလာအသင်းဆီ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့ရတာဖြစ်ပါတယ်။

ဆော်ဒီပရိုလိဂ်ဟာ နာမည်ကြီးကစားသမားတွေဖြစ်တဲ့ စီရိုနယ်လ်ဒို၊ ဘင်ဇီမာတို့လို ကစားသမားတွေခေါ်ယူနိုင်ခဲ့တဲ့အပြင် အခုအပြောင်းအရွှေ့ကာလအတွင်းမှာလည်း ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားတွေထဲမှာပါဝင်တဲ့ ချယ်လ်ဆီးအသင်းမှ ကန်တီ၊ လီဗာပူးတိုက်စစ်မှူး ဖာမီနိုတို့ကို ခေါ်ယူနိုင်ခဲ့ကာ လက်ရှိနောက်ဆုံးခေါ်ယူထားတာကတော့ တဲလ်လက်စ်ပဲဖြစ်ပါတယ်။

ဘရာဇီးနောက်တန်းကစားသမား တဲလ်လက်စ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက စပိန်လာလီဂါကလပ် ဆီဗီလာအသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားစဉ်မှာ ဆီဗီလာအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

## လက်စတာစီးတီးကွင်းလယ်ကစားသမား ဟာဗေးဘားနက်စ်အား နယူးကာဆယ်အသင်းက ပေါင် ၃၈ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူ




နယူးကာဆယ်အသင်းဟာ လက်စတာစီးတီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဟာဗေးဘားနက်စ်ကို ပေါင် ၃၈ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ်တစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသေးတဲ့ အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဟာဗေးဘားနက်စ်ဟာ နယူးကာဆယ်အသင်းနဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ တိုက်စစ်မှူး ယန်ကူဘာမင်းတက်နဲ့ ကွင်းလယ်ကစားသမား ဆန်ဒရိုတိုနာလီတို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် ဟာဗေးဘားနက်စ်ဟာ နယူးကာဆယ်အသင်းက ခေါ်ယူခဲ့တဲ့ တတိယမြောက်ကစားသမားဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားအဆင့် လေးနေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိတော့မှာဖြစ်ပြီး နယူးကာဆယ်အသင်းအနေနဲ့ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ်ကို ပထမဆုံးဝင်ခွင့်ရရှိတော့မှာလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ်ကနေ ချန်ပီယံရှစ်ဆီ တန်းဆင်းသွားခဲ့ပြီဖြစ်တာကြောင့် ဟာဗေးဘားနက်စ်ဟာ ချန်ပီယံရှစ်ကို တန်းဆင်းသွားခဲ့ပြီးနောက် လက်စတာစီးတီးအသင်းကနေ နောက်ဆုံးထွက်ခွာသွားတဲ့ ကစားသမားလို့လည်း ဆိုရမှာဖြစ်ပါတယ်။

## အဲဗာတန်အသင်းက ဗီလာရီးယဲတောင်ပံကစားသမား ဒန်ဂျူမာကို အငှားစာချုပ်ဖြင့် ခေါ်ယူ

အဲဗာတန်အသင်းဟာ ဗီလာရီးယဲလ်အသင်းမှ နယ်သာလန်တောင်ပံကစားသမား ဒန်ဂျူမာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။




နယ်သာလန်အသင်းရဲ့ အားထားရတဲ့ တောင်ပံကစားသမား ဒန်ဂျူမာဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက အဲဗာတန်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ သဘောတူညီခဲ့ပေမယ့် နောက်ပိုင်းမှာတော့ စပါးအသင်းဆီကိုသာ ပြောင်းရွှေ့ကစားခဲ့တာဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဒန်ဂျူမာဟာ စပါးအသင်းနဲ့အတူ ပွဲစဉ်ကိုးပွဲ ပါဝင်ကစားခဲ့ပြီးနောက် ရာသီကုန်ချိန်မှာ စပိန်လာလီဂါကလပ် ဗီလာရီးယဲလ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဒန်ဂျူမာဟာ နယ်သာလန်လက်ရွေးစင် အသင်းနဲ့အတူ ခြောက်ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဗီလာရီးယဲလ်အသင်းက လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မှာ ဗီလာရီးယဲလ်အသင်းရဲ့ အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ရှမ်းယူနိုက်တက်အသင်း ကစားသမားသစ်များ ခေါ်ယူအားဖြည့်

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ထိုင်းလိဂ်တွင် သွားရောက်ကစားခဲ့သည့် ကစားသမားဟောင်းဖြစ်သူ ဂိုးသမားမျိုးမင်းလတ်ကို ပြန်လည်ခေါ်ယူခဲ့သလို တိုက်စစ်ပိုင်းအတွက် ဂျပန်နိုင်ငံသား မိုတိုဟီရိုကို ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။ မျိုးမင်းလတ်သည် ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ရာသီအစထိ ရှမ်းယူနိုက်တက်အသင်းတွင် ပါဝင်ကစားခဲ့ပြီး ပြီးခဲ့သည့်နှစ်တွင် ထိုင်းလိဂ်-၁ ကလပ် ရတ်ချာဘူရီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းတွင် လက်ရွေးစင်ဂိုးသမား ကျော်ဇင်ဖြိုးနှင့် လူငယ်ဂိုးသမားနှစ်ဦးရှိသော်လည်း ဒဏ်ရာပြဿနာနှင့် အခြားကိစ္စရပ်များရှိပါက အစားထိုးနိုင်ရန် မျိုးမင်းလတ်ကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီအတွက် လေးဦးမြောက် နိုင်ငံခြားသားကစားသမားအဖြစ် မိုတိုဟီရိုကို ခေါ်ယူခဲ့သည်။ ၎င်းမတိုင်မီက နိုင်ငံခြားသားကစားသမားများအဖြစ် နောက်ခံလူ မိုကာလူး၊ ကွင်းလယ်တိုက်စစ်ကစားသမား မတ်ခ်ဆာကီနှင့် တိုက်စစ်မှူး ဘယ်လိုတို့ရှိထားပြီးဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုနှစ်တွင် ပြည်တွင်းလိဂ်ဖြစ်သည့် MNL အမှတ်ပေးချန်ပီယံဆု ကာကွယ်နိုင်ရန်အပြင် AFC Cup ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လိုအပ်သည့်နေရာများ အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီမစမီက ကစားသမားသစ်များ ခေါ်ယူအားဖြည့်ခဲ့သလို ရာသီဝက်အပြောင်းအရွှေ့ကာလတွင်လည်း ကစားသမားသစ် ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းလိဂ်ဖြစ်သည့် MNL အမှတ်ပေးချန်ပီယံဆုကို နောက်ဆုံးငါးရာသီအတွင်း လေးကြိမ်အထိ ရယူထားနိုင်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - SUFC**




ကစားသမားသစ် မျိုးမင်းလတ်ကို ရှမ်းယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်းနှင့်အတူ တွေ့ရစဉ်။

**အားကစားမြင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

❖ စာမျက်နှာ ၁၈ မှ

ထို့အတူ ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်အကြောင်းကို အသေးစိတ်သိရှိနိုင်ရန် www.utm.edu.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

B.M.T.M. ဘွဲ့ရပြီးနောက် ရရှိနိုင်သည့် အခွင့်အလမ်းများအနေဖြင့်-

- ❖ မိမိ၏ ကိုယ်ပိုင်တိုင်းရင်းဆေးခန်း/ဆေးရုံ ဖွင့်လှစ်ကုသနိုင်ခြင်း၊
- ❖ မိမိ၏ ကိုယ်ပိုင်တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်း၊
- ❖ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများတွင် ကြီးကြပ်သူအဖြစ် (သို့) အရည်အသွေး စစ်ဆေးသူ သုတေသီအဖြစ် ဆောင်ရွက်နိုင်ခြင်း၊
- ❖ တိုင်းရင်းဆေး တက္ကသိုလ်တွင် သင်ကြားရေးဆရာ/ ဆရာမအဖြစ် ဆောင်ရွက်နိုင်ခြင်း၊
- ❖ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ ကုသရေးတိုင်းရင်းဆေးရုံ/ ဆေးခန်းများတွင် ကုသရေးဆရာ/ ဆရာမအဖြစ်နှင့် သုတေသန/ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ သုတေသီအဖြစ် တာဝန်ထမ်းဆောင်နိုင်ခြင်း၊
- ❖ ပြည်တွင်း/ပြည်ပက တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ဘွဲ့လွန်အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးခွင့်တို့ရရှိနိုင်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က တိုင်းရင်းဆေးပညာကို အားပေးမြှင့်တင်လျက်ရှိပြီး အခြားဆေးနှင့်ဆေးပညာနီးနွယ်တက္ကသိုလ်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ တိုင်းရင်းဆေးနည်းစနစ်များ၊ သိပ္ပံနည်းကျရောဂါရှာဖွေရေးနည်းစနစ်များ၊ သုတေသနနည်းစနစ်များကို အခြားနိုင်ငံတကာ တိုင်းရင်းဆေးပညာရှင်များနည်းတူ ကျွမ်းကျင်တတ်မြောက်အောင် သင်ယူနိုင်ကြပြီဖြစ်ပါသည်။ ပြည်သူတို့၏ကျန်းမာရေးစောင့်ရှောက်မှုကို မြန်မာ့တိုင်းရင်းဆေးဖြင့် ထိထိရောက်ရောက် စောင့်ရှောက်မှုပေးနိုင်ရန်အတွက် တစ်ဆယ့်နှစ်လရာသီ ပန်းပေါင်းစုံ ပွင့်လန်းမွှေးထုံလျက် မန္တလေးတောင်ခြေမှာရှိသည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးသို့ လာရောက်ကာ တိုင်းရင်းဆေးပညာရပ်များကို လက်တွေ့လေ့လာသင်ယူနိုင်ပါကြောင်း နိုင်ငံတစ်ဝန်းက မျိုးဆက်သစ်လူငယ်များကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုဖိတ်ခေါ်လိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit : 3 Past events
### Lesson: 1 I was at school yesterday

Reading

**(A) Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| bought | did | won | eat | Yes |
| do | with | after | took | enjoy |

Soe Soe: Hi Myo Myo, what did you _____ last weekend? (1)_______

Myo Myo: I ________ a lot of things. On Saturday, I went shopping.
(2) _______________

Soe Soe: What did you buy?

Myo Myo: I _________ some new clothes. I also played tennis.
(3) _______________

Soe Soe: Who did you play ________?
(4)_______________

Myo Myo: I played with Khin Khin.

Soe Soe: Did you win?

Myo Myo: Of course, I _________!
(5) _______________

Soe Soe: What did you do ________ your tennis match?
(6)_______________

Myo Myo: Well, I went home and ________ a shower and then went out.
(7) _______________

Soe Soe: Did you _________ in arestaurant?
(8) _______________

Myo Myo: Yes, my family ate at "The Delicious Ones" restaurant.

Soe Soe: Did you _______ your dinner?
(9)_______________

Myo Myo: _________, we enjoyed our dinner very much.
(10)_____________

**(B)Read the passage and answer the questions.**

Yesterday was a great day for Nyi Nyi. He went to the zoo with his friends and they had a picnic. The weather was sunny. The tigers were in their cages. They were sleeping. The ducks were swimming in the pond. The monkeys were asking for food. Nyi Nyi and his friends gave the monkeys bananas. They were happy because they love animals.

1. Where did Nyi Nyi go yesterday?
_______________________________________.
2. With whom did he go there?
_______________________________________.
3. What was the weather like?
_______________________________________.
4. What were the tigers doing in their cages?
_______________________________________.
5. What did Nyi Nyi and his friends give the monkeys?
_______________________________________.

********************

## Grade 6

### Unit : 2
### Lesson 4: Daily routine

Speaking

**(A) Student A and Student B အပြန်အလှန် အမေးအဖြေလေ့ကျင့်ပါ။**

**A: What time do you get up?**
B: ________________________________.
**A: What do you have for your breakfast?**
B: ________________________________.
**A: When do you go to school?**
B: ________________________________.
**A: What do you do before you go to school?**
B: ________________________________.
**A: How do you go to school?**
B: ________________________________.
**A: What do you do at school?**
B: ________________________________.
**A: When do you go back home?**
B: ________________________________.
**A: When do you study your lessons?**
B: ________________________________.
**A: What do you do before dinner?**
B: ________________________________.
**A: When do you go to sleep?**
B: ________________________________.

**************************

Writing

**(A) Write a paragraph about your daily activities using the above expressions. (မိမိရဲ့ တစ်နေ့တာလုပ်ဆောင်ချက်တွေကို ရေးပါ။)**

**My daily activities**

________________________________________
________________________________________
________________________________________
________________________________________
________________________________________
________________________________________

++++++++++++++++++++++++

## Grade 7

### Unit : 2
### Lesson 3: What an annoying habit!

**Adverbs of frequency (ကြိမ်နှုန်းပြကြိယာဝိသေသန)**

ကြိမ်နှုန်းပြကြိယာဝိသေသနဆိုတာ လုပ်ရပ်တစ်ခုကို ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါ လုပ်ဆောင်သလဲဆိုတာကို ဖော်ပြပါတယ်။

ဥပမာ။ ။ **He <u>always</u> gets up early morning. (သူ နံနက်တိုင်း အိပ်ရာအမြဲတမ်း စောစောထသည်။)**

**They <u>sometimes</u> go to the library. (သူတို့ တစ်ခါတစ်ရံ စာကြည့်တိုက်သွားတယ်။)**

အထက်ပါ ဥပမာတွေကို လေ့လာကြည့်မယ်ဆိုရင် ကြိမ်နှုန်းပြ ကြိယာဝိသေသနတွေကို ရေးသားရာမှာ generally(ယေဘုယျအားဖြင့်) ဖော်ပြတာနဲ့ exactly (အတိအကျ)ဖော်ပြတာဆိုပြီး နှစ်မျိုးတွေ့မြင်နိုင်ပါတယ်။

<u>ယေဘုယျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများ</u>

| | | |
|---|---|---|
| always | (အမြဲတမ်း) | 100% |
| usually | (များသောအားဖြင့်) | 90% |
| normally | (သာမန်အားဖြင့်) | 80% |
| often | (မကြာခဏ) | 70% |
| sometimes | (တစ်ခါတစ်ရံ) | 30% |
| rarely | (ရံဖန်ရံခါ) | 10% |
| hardly ever | (ကြုံတောင့်ကြုံခဲ၊ ရှားရှားပါးပါး) | 5% |
| never | (ဘယ်တော့မှ) | 0% |

**မှတ်သားရန်။** ။ ယေဘုယျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားရာတွင် Helping Verb, Verb to be တို့၏ အနောက်၊ Main Verb ၏အရှေ့တွင် ထားရသည်။

ဥပမာ။ She <u>**is always**</u> late.
(Verb to be ရဲ့အနောက်)
I <u>usually **walk**</u> to school.
(Main Verb ရဲ့အရှေ့)

<u>အကြိမ်အရေအတွက်ကို အတိအကျဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများ</u>

every... (every day/ week/ month/ year/ Friday/ weekend)
once a ... (day/ week/ month/ year)
three times a ... (day/ week/ month/ year)
four times a .... (day/ week/ month/ year)

**မှတ်သားရန်။** အကြိမ်အရေအတွက်ကို အတိအကျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားရာတွင် ဝါကျ၏နောက်ဆုံးတွင် ထားရသည်။

ဥပမာ။ He runs round the park <u>**every day.**</u>
(စာကြောင်းရဲ့နောက်ဆုံး)

**(A) Put the words in brackets ( ) in the right place in these sentences.**

1. Father works late at the office. (sometimes)
2. Ko Ko plays golf. (twice a month)
3. I eat Monhinga for breakfast. (every day)
4. We watch the TV. (usually)
5. My father gives me pocket money. (once every two days)

**(B) အောက်ပါဝါကျများကို အင်္ဂလိပ်လိုရေးပါ။**

၁။ မေမေ နံနက်တိုင်း အိပ်ရာစောစောထသည်။
(get up/ every morning)
၂။ ဖော်လေး ညတိုင်း နွားနို့တစ်ခွက်သောက်သည်။
(drink/ every night)
၃။ မောင်မောင် သောကြာနေ့တိုင်း ဒီကိုလာသည်။
(come here/every Friday)
၄။ ကျွန်တော် နေ့တိုင်း အိမ်စာလုပ်သည်။
(do homework/every day)
၅။ ညီမလေး နေ့တိုင်း သတင်းစာဖတ်သည်။
(read/ every day)

*************************

**Always with Present Continuous Tense**

အမြဲတစေ စွဲမြဲလုပ်ဆောင်သည့် လုပ်ရပ်တစ်ခုခုကြောင့် စိတ်အနှောင့်အယှက် ဖြစ်စေသောအခါတွင် Present Continuous Tense (am, is, are + Ving) ကို always နဲ့တွဲသုံးရသည်။

ဥပမာ။ My father <u>**is always watching**</u> a football match on TV. (ဖေဖေကလည်း ဘောလုံးပွဲပဲ ကြည့်နေတော့တာပဲ။)

**လေ့ကျင့်ခန်းဖြေဆိုပါ။**

**(C) "always" ကိုအသုံးပြုပြီး ဝါကျများ ရေးပြပါ။**

(1) Ko Gyi is _____________.
(2) He is ________________.
(3) Zaw Zaw is ___________.

**(D) Rewrite the sentences in the right order.**

1.Uncle/ always/ is / watching the TV.
_______________________________________.
2.Teacher Kyaw/ always / is/ giving us homework.
_______________________________________.
3.Father/ always / is / us/ scolding.
_______________________________________.

++++++++++++++++++++++++

## Grade 8

### Unit : 2
### Lesson 4: The best school in town

<u>Writing</u>

**(A) Create a sample school pamphlet using the given facts. (ပေးထားသောအချက်အလက်များကို အသုံးပြုပြီး ကျောင်းလက်ကမ်းစာစောင်တစ်ခု ဖန်တီးပြုလုပ်ပါ။)**

The school is located at No. 199 on Min Gyi Road, Yangon. It has been established since 1992. The principal of the school is U Min Thein. There are 40 teachers and 850 students there. The school has a multi-purpose hall, one library, one science lab, one playground, one canteen, two carparks and one bicycle rack. And it also offers extra-curricular activities such as essay competitions, impromptu talk competitions, school sports, scouting, school trips, basic computer course, first aid training course, school concert and school band. The contact number is 09 1234567.

**Basic Education High School**

| | |
|---|---|
| Location: | _________ |
| Year established: | _________ |
| Principal: | _________ |
| No. of teachers: | _________ |
| No. of students: | _________ |

**School Facilities**

- _____________
- _____________
- _____________
- _____________
- _____________
- _____________
- _____________
- _____________

**Extra-curricular activities**

- _____________
- _____________
- _____________
- _____________
- _____________
- _____________
- _____________

*********************

## Grade 9

### Unit 2
### Lesson 4: Could you be more specific about …?

**Writing**

**You are Min Zaw. You are a Grade 9 student in Section (B). Write an email to Teacher Kyaw asking for more information about the students' talented show to be held next Saturday.**

- Time and location of the talent show
- requirements for participation
- whether there is a deadline for registering participants or not
- say thanks to Teacher Kyaw for his assistance and guidance

From : ______________________

To : ______________________

Subject : ______________________

Dear Teacher Kyaw,

____________________________________________

____________________________________________

____________________________________________

Best regards,

Min Zaw (Grade 9 student from Section B)

*****************************

**Answer:**

**Lesson 4: Could you be more specific about …?**

**From : Min Zaw**

**To : Teacher Kyaw**

**Subject : asking for information about the students' talented show**

**Dear Teacher Kyaw,**

I hope this email finds you well. I am writing to inquire about the upcoming student talent show scheduled for next Saturday. I have heard about the event and would like to gather more information.

Could you kindly provide me with details regarding the timing and location of the talent show? I am also curious to know if there are any specific guidelines or requirements for participation. Additionally, it would be helpful to understand how the performances will be organized and what type of talents are expected.

I am particularly interested in encouraging one of my classmates who has shown enthusiasm and potential in singing. Is there a deadline for registering participants, and how can we go about signing up for the talent show?

Thank you in advance for your assistance and guidance. I truly appreciate your efforts in organizing such events that allow students to showcase their talents. I look forward to your prompt response so that we can adequately prepare for the talent show.

**Best regards,**

**Min Zaw (Grade 9 student from Section B)**

*******************

### Unit 3
### Lesson 1 : Do you have any holiday plans?

**A. Choose the correct answer: "do" or "make".**

1. Mom _________ breakfast for us.
2. Let's _________ our homework together.
3. Can you _________ a funny face?
4. I want to _________ a drawing of my family.
5. Dad _________ a paper airplane for me.
6. We should _________ our chores before playing.
7. Let's _________ a puzzle and solve it.
8. I like to _________ sandcastles at the beach.
9. Can you _________ a funny noise like a bird?
10. Grandma _________ delicious cookies for us.
11. Can you _________ a silly face in the mirror?
12. Let's _________ a dance together.
13. I can _________ a drawing of my favorite animal.
14. Mom _________ a special cake for my birthday.
15. Can you _________ a sandwich for lunch?
16. Let's _________ some exercises to warm up.
17. I need to _________ my laundry this weekend.
18. Let's _________ our best on the test.
19. She _________ a lot of noise when she plays the piano.
20. Let's _________ a project together for school.

**B. Complete the following sentences with the appropriate colocations given below.**

| | | |
|---|---|---|
| travel widely | travel freely | travel light |
| travel agency | travel plan | travel arrangements |
| travel costs | | |

1. My dream is to _________ and explore famous landmarks around the world.
2. My parents went to a _________ to get information about their upcoming trip.
3. My mom took care of all the _________ , including booking flights and hotels.
4. When we travel, it's better to _________ and pack only the essentials.
5. My parents saved money for months to cover the _________ of our family trip.
6. The _________ includes the dates, destinations, and activities we want to do during our trip.
7. With a valid passport, you can _________ to many countries around the world.

**C. Complete the following sentences with the appropriate colocations given below.**

| | |
|---|---|
| go on holiday | take a holiday |
| book a holiday | wonderful holiday |
| disastrous holiday | holiday destination |
| holiday photos | holiday season |

1. We need to _________ a holiday in advance to secure the best deals on flights and accommodations.
2. The beach vacation was an _________ holiday, with swimming and building sandcastles.
3. We took lots of holiday _________ during our trip to the beach
4. I love the holiday _________ because it's a time for family gatherings and exchanging gifts.
5. My family is discussing different holiday _________ for our summer vacation.
6. Unfortunately, our camping trip turned into a _________ holiday when it started raining heavily and our tent got flooded.
7. My friend invited me to _________ holiday to a beautiful mountain resort.
8. After working hard for many months, it's important to _________ a holiday to relax and recharge.

**********************

## Grade 12

### Unit 2 KEY TO HAPPINESS

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသည့် မေးခွန်းများ၏ အဖြေများ)

V. (4) Seen passage

**A. 1. happiness; 2. positive; 3. memories; 4. stressed; 5. meditation;**

**B. 6. It is often said that life is composed of positive elements and negative elements. 7. When you encounter difficulties in your school or work, you may feel disappointed and downhearted. 8. We may be in a bad mood or feel downhearted from time to time because we are looking inside us, thinking about bad things. 9. Sweet memories can put us in a better mood by making us smile, laugh, or feel joyful. 10. Meditation can ease the tension in our body, clear our mind of negative thoughts, and give us a sense of inner peace and well-being.**

****************

VI.Unseen passage

**A. 1. nutritious; 2. harm; 3. immune; 4. healthy; 5. ingredients;**

**B. 6. Healthy eating is important because it helps us grow, stay strong, and provides our bodies with essential nutrients. 7. Examples of healthy foods include fresh fruits like apples and bananas, vegetables like carrots and broccoli, whole grains like oats and brown rice, and lean proteins like chicken and fish. 8. Healthy eating benefits our bodies by boosting our immune system, helping us maintain a healthy weight, and providing us with more energy. 9. Unhealthy foods we should avoid include sugary drinks like soda and candies, as well as fast food that is high in fat and salt. 10. We can develop healthy eating habits by having a balanced diet with a variety of foods from different food groups, including fruits, vegetables, whole grains, and drinking plenty of water.**

****************

### Unit 2 KEY TO HAPPINESS

(ယခင်တစ်ပတ်မှ အဆက်)

**VII (A) Complete the dialogue with the expressions given in the box. There is an extra.**

| | |
|---|---|
| Good idea | How about |
| I'm not sure about that | let's phone |
| We could | Shall we do something? |

Susan: _______(1)______ something?

Tommy: All right. What do you suggest?

Susan: _______(2)______ go cycling along the river. I'd like to get outside.

Tommy: _______(3)______. It's very cold.

Susan: How about going to the cinema? The new Star Wars is on. Jared has seen it and he says _______(4)______

Susan: That sounds great! _______(5)______ Anna and Rosie and see if they want to join us.

**VII.(B) Complete the exchange using the expressions given in the box. There is an extra.**

| |
|---|
| Yes, there's one just around the corner. |
| Is it a long way from here? |
| Where are you going? |
| Go past the bank and turn left into Smith Street. |
| It's fantastic! |
| About every ten minutes. |

A: How often do the buses to the city center run?

B: _______(6)______

A: Excuse me, could you tell me the way to the police station?

B: _______(7)______

A: Is the library far from here?

B: Of course. _______(8)______

A: Is there a toy store around here?

B: _______(9)______

A: Doesn't this cake taste good?

B: Oh, yes! _______(10)______

****************

**Answers:**

**VII (A) 1. Shall we do 2. We could 3. I'm not sure about that 4. it's brilliant 5. Let's phone**

**(B) 6. About every ten minutes 7. Go past the bank and turn left into Smith Street. 8. Where are you going 9. Yes, there's one just around the corner 10. It's fantastic!**

*******************

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၆)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄

**ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက် [၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ ဘဏ်ခွဲတာဝန်ခံ ဒေါ်တင်တင်မြင့်]**
**ဒီကရီအနိုင်ရသူ**

**နှင့်**

**၁။ ဒေါ်ချိုချိုဝင်း**
**၂။ ဦးမင်းသူ**
**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၂၅/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်၊ နံနက်(၁၀:၀၀)နာရီ**တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ိ/- လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲ ဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့**တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

### ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(ခ/၄၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ (၂၅)နှစ်ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံး။

**လေလံကြမ်းခင်းဈေး-ကျပ်သိန်း(၂၀၀၀၀)**
**(ကျပ်သိန်းနှစ်သောင်း တိတိ)**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်**(ခ/၈၉)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ (၂၅)နှစ်ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်**(ခ/၉၀)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ (၂၅)နှစ်ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံး။

**လေလံကြမ်းခင်းဈေး-ကျပ်သိန်း(၆၀၀၀၀)**
**(ကျပ်သိန်းခြောက်သောင်းတိတိ)**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ/၁၀)၊ မြေကွက်အမှတ်**(၁)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ/၁၀)၊ မြေကွက်အမှတ်**(၂)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ/၁၀)၊ မြေကွက်အမှတ်**(၃)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံး။

**လေလံကြမ်းခင်းဈေး-ကျပ်သိန်း(၄၀၀၀၀)**
**(ကျပ်သိန်းလေးသောင်းတိတိ)**

၄။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ/၁၀)၊ မြေကွက်အမှတ်**(၄၅)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ/၁၀)၊ မြေကွက်အမှတ်**(၄၆)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ/၁၀)၊ မြေကွက်အမှတ်**(၄၇)**၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်(၃)ကွက်နှင့် ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံး၊

**လေလံကြမ်းခင်းဈေး-ကျပ်သိန်း(၄၀၀၀၀)**
**(ကျပ်သိန်းလေးသောင်းတိတိ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက် အမှတ် (၄၆၈)၊ ဒေါ်ပြုံးကြည် ( CA-၀၄၅၀၆၉ ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၏(ခြေရင်းခြမ်း)၊ တရားဝင်မခွဲစိတ်ရသေးသော (၂၀x၆၀)ပေရှိ မြေနှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအား ဂရန်အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းအေး [၁၂/ဥကမ(နိုင်)၀၈၅၈၆၁]ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေအချို့ပေးချေထားရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက တရားဝင် အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွှန့် (စဉ်-၃၄၁၉/၈၅) ဒေါ်အေးမြတ်သူ (စဉ်-၁၄၀၆၀/၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၃၅၄၂၂၊ ၀၉-၄၂၁၁၃၀၅၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ/မြောက်အရှေ့ရပ်ကွက်၊ မန်ရဝေလမ်း၊ အမှတ်(၅၇)ဟုခေါ်တွင်သော ၆-လွှာ(အပေါ်ဆုံးထပ်)၊ (အလျား ၄၀ပေx အနံ ၂၀ပေ)ရှိ တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးအေးလင်းထက် [၁၂/ဒဂမ(နိုင်)၀၁၃၈၉၄]ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်ရတနာဝင်း [၁၂/ဒဂန(နိုင်)၀၃၃၇၆၆]နှင့် ဒေါ်ခိုင်ဇာလင်း [၁၂/စခန(နိုင်)၀၆၇၀၉၆]တို့က စရန်ငွေအချို့ပေးချေထားရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွှန့် (စဉ်-၃၄၁၉/၈၅) ဒေါ်အေးမြတ်သူ (စဉ်-၁၄၀၆၀/၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၃၅၄၂၂၊ ၀၉-၄၂၁၁၃၀၅၂၀**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အိမ်အမှတ်(၁၁)နေ မောင်ရဲဖြိုးနိုင်(ဘ)ဦးထွန်းအောင်နိုင်[၁၂/ရကန(နိုင်)၀၇၄၄၁၃]နှင့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ (၁၁)လမ်း၊ အိမ်အမှတ်(၈၂၃)နေ မဇူလိုင်မွန်မွန် (ဘ) ဦးကျော်လွင်မြင့် [၁၂/ဥကတ(နိုင်)၁၆၃၇၈၂]တို့သည် (၂၁-၇-၂၀၂၃) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၇၄၄)**
**09-986252417, 09-400462518**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀/တောင်၊ မြေကွက်အမှတ်-၂၄၅၆/ခ၊ ဧရိယာ-၂၀'x ၆၀'၊ မြေကွက်တည်နေရာ- အမှတ်(၂၄၅၆/ခ)၊ ဇေယျာဝတီ(၂)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအုန်းသော် (AA- ၀၈၄၃၆၃) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအုန်းသော်(AA- ၀၈၄၃၆၃)(ဖခင်)နှင့် ဒေါ်သိန်းရင်(မိခင်)နှင့် သားသမီး(၄)ဦးအနက် ဒေါ်ခင်ဝင်းသည် အပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးမြင့်ဦးသည် လူပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် သားသမီး(၂)ဦးဖြစ်သူ ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၀၆၀၀၂၁]၊ ဒေါ်ညွှန့်ညွှန့်စိန် [၁၂/သကတ(နိုင်)၁၂၈၉၅၉]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၉၃၃/၂၀၂၂(၂၆- ၁၀- ၂၀၂၂)ရသူ ဒေါ်ဝေနှင်းဦး [၁၂/သကတ(နိုင်)၁၇၁၂၂၄]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကွယ်လွန်သူအမည်ပေါက် ဦးအုန်းသော်(ဖခင်)နှင့် ဒေါ်သိန်းရင်(မိခင်)တို့တွင် သားသမီး(၄)ဦး မွေးဖွားထွန်းကားခဲ့ပြီး အခြားကိတ္တိမမွေးစားထားသော သားသမီးများ လုံးဝမရှိသည်မှာမှန်ကန်ကြောင်း (ဖခင်)ဦးအုန်းသော်၊ (မိခင်)ဒေါ်သိန်းရင်နှင့် အစ်မဖြစ်သူ ဒေါ်ခင်ဝင်းသည် အပျိုကြီးဘဝဖြင့်လည်းကောင်း၊ အစ်ကိုဖြစ်သူ ဦးမြင့်ဦးသည် လူပျိုကြီးဘဝဖြင့်လည်းကောင်း ကွယ်လွန်ကြသဖြင့် မိမိတို့ညီမ(၂)ဦးသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိသည်မှာ မှန်ကန်ကြောင်း ဒေါ်အေးအေးမြင့်၊ ဒေါ်ညွှန့်ညွှန့်စိန် ကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဖခင်)ဦးအုန်းသော် အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်းမှာ မိမိတို့လက်ဝယ်တွင် အသိမ်းလွန် အထားမှားကာ ပျောက်ဆုံးနေသည်မှာ မှန်ကန်ကြောင်းနှင့် အဆိုပါဂရန်မူရင်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရုံးဌာနများတွင် အာမခံတင်သွင်းခြင်းတို့ လုံးဝမရှိသည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ သာကေတနယ်မြေ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ခံဝန်ကတိ၊ ဦးအုန်းသော်(ဖခင်)နှင့် ဒေါ်သိန်းရင်(မိခင်)၊ ဒေါ်ခင်ဝင်း(အစ်မ)၊ ဦးမြင့်ဦး(အစ်ကို)တို့၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေ စာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးတင်ပြ၍ လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၈)ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ခြေရင်းခြမ်းရှိ စတုတ္ထထပ်(၅-လွှာ)(၁၁.၅x၄၄)ပေရှိ တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဒေါ်ဝင်းမာလာ [၁၂/လမန(နိုင်)၀၄၁၄၃၇]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ရတနာဝင်း [၁၂/ဒဂန(နိုင်)၀၃၃၇၆၆]က စရန်ငွေအချို့ပေးချေထားရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက တရားဝင် အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းညွှန့် (စဉ်-၃၄၁၉/၈၅) ဒေါ်အေးမြတ်သူ (စဉ်-၁၄၀၆၀/၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၃၅၄၂၂၊ ၀၉-၄၂၁၁၃၀၅၂၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ Botahtaung Time Square အိမ်ရာစီမံကိန်း(၂၄)ခန်းတွဲ၊ (၁၄)ထပ်တိုက်၊ တိုက်အမှတ် – C2၊ (၁၀)ထပ်အခန်း၊ အမှတ်(B/ 1002)၊ ၆၅၀ စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ညို (ကွယ်လွန်)၏သား ဦးမျိုးဟန်ထံမှ ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးဖုံးယော် [၁/မကန(နိုင်)၁၁၉၇၅၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင်ဦး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၉၅)**
**အမှတ် (၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း (၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၅၀၂၁၄၂၂၊ ၀၉-၉၆၅၀၂၁၄၂၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ အမှတ်(၃၀၁)ဟုခေါ်တွင်သော မြေအကျယ် ပေ(၄၀ x ၆၀)ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဒေါ်ပန်းအိဖြူထံမှ ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးမိနီယားပါး [၁၂/ကတန(ပြု)၀၀၄၃၃၂]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင်ဦး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၉၅)**
**အမှတ် (၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း (၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၅၀၂၁၄၂၂၊ ၀၉-၉၆၅၀၂၁၄၂၂**

## အများသိစေရန် ကြေညာခြင်း

အမှတ်(၄၁၄)၊ ဗိုလ်ဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော မြေအကျယ်(၄၀x၆၀)ပေရှိ ဦးအောင်ကြီး အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ရောင်းချခြင်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နီလာ [၁၃/တကန(နိုင်)၁၃၀၀၇၂] ကိုင်ဆောင်သူ အမှတ်-E-၃၄၊ မေခလမ်း၊ မေခအိမ်ရာ၊ ဆ / ခ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူနှင့် ဦးကျော်အောင်စိုး [၁၂/ကမရ(နိုင်)၀၁၃၉၈၀] အမှတ်-၉၁၊ ရွှေဘုံသာအိမ်ရာ၊ လှိုင်သာယာမြို့နယ် နေထိုင်သူတို့မှာ လွန်ခဲ့သော ၂၀၀၀ ခုနှစ်တွင် လက်ထပ်ခဲ့ကြပြီး (၂၅-၄-၂၀၂၃)နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ လက်မှတ်ရေးထိုးခဲ့ကြ၍ နှစ်ဦးလက်ထက်ပွားပစ္စည်းများထဲမှ အမှတ်-၄၁၄၊ ဗိုလ်ဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသော မြေအကျယ်အဝန်း ပေ (၄၀ x ၆၀) အကျယ်ရှိ ဦးအောင်ကြီးအမည်ပေါက် နှစ် (၆၀)ဂရန်မြေနှင့် အကျိုးခံစားခွင့်များအား ဆက်စပ်စာချုပ်များဖြင့် ဒေါ်ခင်နီလာမှ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပြီး မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာတစ်စောင် ပြုလုပ်ကာ ဦးကျော်အောင်စိုးထံသို့ ပေးအပ်ခဲ့ပါသည်။ ဦးကျော်အောင်စိုးမှာ ဒေါ်ခင်နီလာထံသို့ပေးရန် ကတိပြုထားသော ငွေကြေးများကို ပြန်ပေးမည်ဟုကတိပြုထားသော (၂၅-၆-၂၀၂၃)နေ့တွင် ဆက်သွယ်ပေးအပ်ခြင်းမရှိဘဲ ဒေါ်ခင်နီလာ အပ်နှံထားသည့် အမှတ်-၄၁၄၊ ဗိုလ်ဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်ရှိမြေကွက်အား ဒေါ်ခင်နီလာအား အသိပေးအကြောင်းကြားခြင်းမရှိဘဲ ဦးကျော်အောင်စိုးမှ စရန်ငွေရယူရောင်းချထားကြောင်း သိရှိရ၍ ဦးအောင်ကျော်စိုးထံသို့ ဒေါ်ခင်နီလာလွှဲအပ်ထားသော (၂၅-၄-၂၀၂၃)နေ့စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းအပြင် အဆိုပါမြေကွက်အား ဒေါ်ခင်နီလာ လက်မှတ်ထိုးရောင်းချခြင်းမဟုတ်ဘဲ ဒေါ်ခင်နီလာသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းလွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် စရန်ရယူ၍ ရောင်းချထားမှုကို ကန့်ကွက်ပါကြောင်း၊ ဦးကျော်အောင်စိုးထံသို့ အသိပေးအကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ကြောင်း ဒေါ်ခင်နီလာအား အသိမပေးဘဲ အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဆိုပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၆၈၀)**
**အမှတ်-၁၁၄ (B)၊ သမာဓိ (၅)လမ်း၊ ဆ/က ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ကျွန်တော်တို့ အစိုးရအနေနဲ့ "ကျွန်တော်တို့နိုင်ငံနယ်မြေကို အသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေအပေါ် ဆန့်ကျင်မယ့် မည်သည့်အဖွဲ့အစည်းကိုမှ လက်ခံသွားမည်မဟုတ် " ဆိုတဲ့ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှု၊ အတူဖွံ့ဖြိုးတိုးတက်မှုတို့ကို အလေးထားတဲ့ မူဝါဒကို လက်တွေ့ကျင့်သုံးလျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ "နှစ်သောင်းကျပ်တန်" ငွေစက္ကူအမျိုးအစားသစ်ကို ဇူလိုင်လ ၃၁ ရက်နေ့မှစ၍ ထုတ်ဝေမည်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
သတင်းထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပမှုအား ပြသရန်၊ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်နှင့် ကမ္ဘာကြီး အေးချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်တည်ဆောက်ထားသည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ်နှင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့တွင် မွေးဖွားသန့်စင်သည့် ဆင်ဖြူတော်ရတနာ "ရဋ္ဌနန္ဒက"၏ တစ်နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ "နှစ်သောင်းကျပ်တန်" ငွေစက္ကူအမျိုးအစားသစ်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့မှစ၍ ထုတ်ဝေမည်ဖြစ်ပါသည်။

ယင်းငွေစက္ကူကို အရေအတွက်အကန့်အသတ်ဖြင့်သာ ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း လှည့်လည်သုံးစွဲနေသော ငွေစက္ကူများအနက် ဟောင်းနွမ်းပြီး လှည့်လည်သုံးစွဲရန်မသင့်သော ငွေစက္ကူအမျိုးအစားအသီးသီးတို့နှင့် "တန်ဖိုးတူ" လဲလှယ်ပေးခြင်းဖြင့်သာ ဖြန့်ဝေသွားမည်ဖြစ်ပါသည်။ ကနဦးအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်-နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့တွင် ဟောင်းနွမ်းငွေစက္ကူများနှင့် "တန်ဖိုးတူ" လဲလှယ်ပေးမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✻

၂၀၀၀၀ ကျပ်တန်ငွေစက္ကူသစ်ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မျက်နှာဘက်




ကျောဘက်




ယနေ့ ဖတ်စရာ

**တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၄

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၂၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
စာမျက်နှာ » ၂၂